ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၉)ရက် ၊ တနလာနေ့ ၊ (26-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၁)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကိုယနေ့နံနက်ဖေ နာရီမှစတင်၍ သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများအလိုက် မည်သည့် ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဏနက် ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည်

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ဇန်နဝါရီ ၂၆ ရက်(ယနေ့)မှ ဇန်နဝါရီ ၃၀ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်-၅ ဧဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသွားမည်ဖြစ်ပေသည်။ ယခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ဆောင်ပုဒ်မှာ **"ဆေးသုတေသနဆောင်ရွက်မှုများမှ သည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဆီသို့"** "Better Health through Medical Research" ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ပထမအကြိမ်ကို ၁၉၆၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ညီလာခံစတင်ကျင်းပခဲ့သည့်နှစ်များတွင် သုတေသနစတမ်းများကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် ကျင်းပပြုလုပ်သည့်ကျန်းမာရေးဆိုင်ရာညီလာခံမှစ၍ သုတေသနပိုစတာပြပွဲကို ထည့်သွင်းနိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ် ညီလာခံမှစ၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲများကိုပါ ထည့်သွင်းပြီး ပိုမိုအကျိုးရှိရှိ ထိရောက်စွာကျယ်ကျယ်ပြန့်ပြန့်ကျင်းပလာခဲ့ခြင်းသည် ယခုအခါ ၅၄ ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပေသည်။

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် သုတေသနစာတမ်း ၇၁ စောင်နှင့် သုတေသနပိုစတာ ၄၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားမည်ဖြစ်သည်။ ထို့ပြင် ညီလာခံသို့ ပြည်တွင်းပြည်ပမှ သုတေသီများတက်ရောက်ကြပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ Symposium လေးခုနှင့် Scientific Talk နှစ်ခုတို့ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများမှ ပေါ်ထွက်လာသည့် ခိုင်မာတိကျသော ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်များသည် နိုင်ငံအတွက် ခေတ်နှင့်အညီ သင့်တော်သည့်ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန်၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်အကျိုးရှိရှိ ဆောင်ရွက်နိုင်စေရန်၊ လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် စသည့်လုပ်ငန်းစဉ်ကြီးများဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်ပြကြမည့် သုတေသနစာတမ်းများ၊ သုတေသနပိုစတာများ၊ ပညာရပ်ဆိုင်ရာဟောပြောပွဲမှ သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်သူများလည်း အသိပညာများတိုးတက်လာမည့်အပြင် နိုင်ငံသားများ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများကိုလည်း ဆေးသုတေသနတွေ့ရှိချက်များမှ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပခြင်းဖြင့် ညီလာခံကရရှိသော အထောက်အထားခိုင်လုံသည့် သုတေသနဆိုင်ရာ တွေ့ရှိချက်များကို လက်တွေ့အသုံးချ၍ ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများကို ဖော်ထုတ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်ဝသော အရည်အသွေးမီ သုတေသနကောင်းများ အစဉ်တစိုက်ဆောင်ရွက်နိုင်တော့မည့် ၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် တစ်မျိုးသားလုံး ကျန်းမာရေးအတွက် အားထားဖွယ်ရာညီလာခံဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၁၀၂၂၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ချောင်းဦး ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲစင်းငုံ ၁၀၂၂၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၃၁၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံ စိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၂၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၈ တင်းထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ မိုးသီးနှံပဲစင်းငုံ ၂၀၃၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံတွေကို အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၂၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေကပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖုလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀ဖ)

ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါဏ္ဍန်ကြားချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်း နှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် သိန်း ၂၆၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၆၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၄၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ခုနှစ် နိုဝင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ငါးသလောက်ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့အရွယ်အစားအပေါ်မူတည်ပြီး စျေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရန်ကုန်စျေးကွက်က ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိသာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ အကြီး တစ်ပိသာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ် မူတည်၍ စျေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

သာစည်မြို့နယ် မုန်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းချင်းမြေခင်းနေမှု စစ်ဆေး

သာစည် ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မုန်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သင်းသင်းအေး၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များနှင့်အတူ မုန်တောကျေးရွာ၌ ကျေးလက်ကုန်လမ်းချင်းမြေခင်းခြင်းလုပ်ငန်း၊ Slap Culvert တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မုန်တောကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slap Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် ပေ ၆၀၊ အကျယ် ပေ ၂၀ ရှိ Cause Way တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၉၄၇ သန်း အသုံးပြုပြီး Royal Star Shwebo ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇွန် ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကသာ ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၂၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၂၂၀ လျာထားစိုက်ပျိုးခဲ့တာ ဒီနေ့မှာတော့ ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

စဉ်ကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ်ကိုင် ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၄ ရက်က ရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အဆိုပါ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ ဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အခြားလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၅ ဦးကို ရန်ပုံငွေကျပ် ၃၂၉ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူသူ**

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဒီဇင်ဘာလအတွင်း ဖွဲ့နှုန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖွဲ့နှုန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့်ဖွဲ့နှုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဖွဲ့နှုန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖွဲ့နှုန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲ့နုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဖွဲ့နှုန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲ့နုက ပြည်ပစျေးကွက်လဲရှိပါတယ်။ လက်ရှိဇန်နဝါရီ လထဲမှာလဲ ဖွဲ့နုအိတ်တွေ ရန်ကုန်စျေးကွက်ကနေ ဝယ်ယူမှုများနေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့်ဖွဲ့နုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ဖွဲ့နုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်စျေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲ့နုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် အဆိုပါဖွဲ့နုများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်ဂျင်းလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

သေတစ်နေ့ မွေးတစ်နေ့

ချစ်နိုင်(စိတ်ပညာ)

"You Live one day, today,"

A Tibet Monk

နိဒါန်း

တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးပြီး ကျရာနေရာ၊ ပေးရာတာဝန်ကို သေဆိုသေ၊ ရှင်ဆိုရှင်၊ ဦးလည်မသုန်ထမ်းဆောင်ပါမယ်လို့၊ **"ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"**လို့ နေ့စဉ်နေ့တိုင်း သစ္စာဆိုခဲ့သူပါ။ မွေးလာခဲ့မှတော့ သေဖို့ပေါ့။ သေခြင်းရှင်ခြင်းဆိုတာ ကြောက်ရွံ့နောက်တွန့် နေစရာမဟုတ်ပါ။ ဘာရာထူးရာခံ၊ အခွင့်အာဏာရ ကောင်းစေလို့လည်း အိပ်မက်တောင်မမက်ခဲ့ဖူးပါဘူး။ ပေးဆပ်ခြင်းအတွက် နှစ်သက်ပျော်ပိုက်တာ။

လူဆိုတာ အတ္တမကင်းနိုင်ကြတာမို့ ဘဝတာဝန်တွေ ထမ်းဆောင်ရင်း လိုချင်တောင့်တဆန္ဒတွေတော့ ရှိခဲ့ဖူးတာပေါ့။ သေသွားရင် ဘာမှယူသွားလို့ရတာ မဟုတ်ဘူးဆိုတာ သိထားတော့ လောဘတကြီး ဟိုဟာလိုချင်၊ ဒါလိုချင်တောင်းဆိုခဲ့တာမျိုးလဲမရှိဖူးပါ။

နောင်စစ်သည်ဆိုတဲ့ ကလောင်အမည်နဲ့ ဗိုလ်ချုပ်ကြီး ချစ်ဆွေရေးခဲ့တဲ့ သူ့ဘဝအတွေ့အကြုံ နှစ်တွဲစာအုပ် ဖတ်လိုက်ရတဲ့အခါ တပ်မတော်သား ဘဝရဲ့ ဂုဏ်ယူမြတ်နိုးစရာတွေကို ပိုမိုနားလည်ခံစားမိပါတယ်။

ဖတ်စေချင်

မဆီမဆိုင် ကြော်ငြာဝင်တာတော့မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကြီး ချစ်ဆွေရေးတဲ့ **"နောင်စစ်သည်ရဲ့ သေတစ်နေ့မွေးတစ်နေ့"**။ ဗိုလ်မှူးချုပ် သန်းတင်ရေးတဲ့ **"စစ်ဆင်ရေးပြီး စစ်ဆင်ရေး"** (တပ်သားသစ်ရဲဘော်ဘဝက စစ်ထဲဝင်ခဲ့သူဟာ တပ်မမှူး၊ တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် သုံးနေရာ ပြောင်းရွှေ့ပြီး ရန်သူကိုချေမှုန်းခဲ့တဲ့ စစ်ခေါင်းဆောင်၊ သတ္တုတွင်းဝန်ကြီးတာဝန်စသဖြင့်) ကိုယ်တိုင်ရေးအတွေ့အကြုံ။ ဗိုလ်မှူးချုပ်တင့်ဆွေရေးတဲ့ **တင့်ဆွေ(ဖျာပုံ)ရဲ့ "ကျောပိုးအိတ်ကလေးကို ချီကာလွယ်"** တပ်သားသစ်အဖြစ်မှ ဗိုလ်မှူးချုပ်၊ တပ်မမှူး၊ တိုင်းမှူး၊ စက်မှုဝန်ကြီး စတဲ့တာဝန်တွေကို အစွမ်းကုန်ထမ်းဆောင်ခဲ့သူ စစ်ခေါင်းဆောင်ရဲ့လွမ်းမောစရာဘဝဖြတ်သန်းမှု။ အကြောင်းကြုံကြိုက်ရင် ပြန်ကြားရေးစာကြည့်တိုက်တွေမှာ ရှာဖွေဌားရမ်း ဖတ်ရှုကြည့်ရှုစေလိုပါတယ်။ အခမဲ့အလွယ်တကူ ရနိုင်လောက်ပါတယ်။

အာဏာနဲ့ငွေ

ဒီဆောင်းပါးကိုရေးဖြစ်တဲ့ အကြောင်းက အချို့လူတွေဟာ ပညာတတ်သူရော၊ ပညာမဲ့သူပါ အတူတူ တွေ့ရတတ်တာကတော့ လုပ်ပိုင်ခွင့်အာဏာရယ်၊ ငွေရယ် လက်ထဲရောက်လာတဲ့အခါ ကိုယ်ကျိုးရှာ၊ လောဘ၊ ဒေါသတွေလွန်ကဲဖောက်ပြန်သွားကြတာ သနားစရာပဲ။ နောက်ဘဝထိအောင် သူ့လက်ထဲ (အကြောင်းတိုက်ဆိုင်လို့ရောက်လာတဲ့) ငွေကြေး ဥစ္စာ၊ ရတနာရွှေငွေတွေကို သေရွာဟိုဘက်ကို ဆက်ပြီး ယူသွားလို့ရတယ်များ ထင်နေကြသလားမသိ။ ဖက်တွယ်ခုံမင်နေလိုက်ကြတာ၊ တရားရစရာပါ။

မနေ့တစ်နေ့က စာရေးသူရဲ့စာပေမိတ်ဆွေ စာရေးသူတစ်ယောက် ဘဝတစ်ပါးသို့ပြောင်းသွားပါတယ်။ သူနေတဲ့မြို့မှာပဲ ကွယ်လွန်ရှာတော့ တစ်ရပ်တစ်နယ်စီမို့ အသုဘနာရေးကို သွားမပို့နိုင်ခဲ့ပါ။ နေထိုင်မကောင်းဖြစ်နေစဉ်ကတော့ ဆေးဖိုးဝါးခ ကူညီတာ၊ သူ့အိမ်သွားတွေ့ပြီး အားတက်စရာ၊ ရယ်မောစရာ၊ ရေးဟောင်းနှောင်းဖြစ်တွေ ပြောပြပြီး အားပေးခဲ့တာ နှစ်ကြိမ်သုံးကြိမ်ပါ။ အသက်အရွယ် ၇၀ ကျော်လာကြပြီဆိုတော့ ဇရာအိုမင်းယိုယွင်းမှု ဘူတာဂကနေ ဗျာဓိနာခြင်း၊ ကိုက်ခဲခံခက်ခြင်း ဘူတာ ကိုပင်ရောက်လာခဲ့ပြီကိုး။ သူကတော့ မရဏဘူတာ အထိ ဆိုက်ရောက်ပျောက်ဆုံးသွားခဲ့ပြီ။ သံဝေဂ ယူစရာပဲ။ မိမိတို့လည်း ဘဝခရီးသည်တွေ တစ်ယောက်မကျန် ဇာတိဘူတာက ထွက်လာခဲ့ကြပြီး ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ဘူတာစဉ်အတိုင်း ဆက်လက်ထွက်ခွာနေကြတာမဟုတ်လား။ သေခြင်း မရဏဘူတာလမ်းဆုံးကို တစ်နေ့နေ့တော့ ဆိုက်ရမယ့်လူတွေချည်းသာပါ။

ဘဝဆိုတာ

ဘဝဆိုတာရလာမှတော့ စွန့်ပယ်စရာမဟုတ်။ ဘဝဆိုတာ လိုတာထက် ပိုပြီးမခင်တွယ်သင့်။ ဖြတ်သန်းနေရတဲ့ဘဝတိုတိုလေးမှာ ဟိုလူ့အပြစ်တင်၊ ဒီလူကိုမုန်းတီး၊ ဟိုတစ်ယောက်အမျက်ဒေါသထွက်၊ ဟိုလူစုကိုရန်လုပ်၊ ဒီလူတွေသတ်ဖြတ်။ ရူးသွပ်တဲ့စိတ်မိုက်စိတ်ရိုင်းတွေလည်း တော်ကြပါတော့။ ရပ်ကြပါတော့။ (အမှန်ကတော့ မင်းတို့မသတ်လည်း အဲဒီလူတွေက သေခြင်းမျိုးစေ့ပါလာခဲ့ပြီးသားပါ။ မင်းက သွေးစွန်းပေအောင် ဘာမှသတ်ဖြတ်သုတ်သင်နေစရာမလိုပါ။) ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလိုပဲ ကိုယ့်ထံပြန်လာမြဲမို့ အကြမ်းဖက်လူသတ်သမား အတော်များများဟာ မျက်စေ့အောက်မှာ အတုံးအရုံးပျောက်ကွယ်ပြီးဆုံးသွားကြရပြီပဲ။ စာဖတ်သူတွေ သိပြီးသား။

ဘဝအဓိပ္ပာယ်ကို လူငယ်တွေ နားလည်စေချင်လို့ စာပေဟောပြောပွဲအချို့မှာ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ ဟောကြားခဲ့ပြီး ဓမ္မာစရိယ ဦးဌေးလှိုင် စုစည်းတည်းဖြတ်တဲ့ တရားစာအုပ်မှာပါတဲ့ ပေတဝတ္ထုကို ကောက်နုတ်ဟောပြောခဲ့ဖူးပါတယ်။ ပေတဆိုတာ တဏှာ၊ ပြိတ္တာတွေရဲ့ဖြစ်စဉ်တွေပါတဲ့ ဘာသာရေးစာအုပ်ပဲ။ ယခင်က ကြားလည်းမကြားဖူး၊ ဖတ်လည်းမဖတ်ဖူးဘူး။ တောင်တန်းသာသနာပြု ဆရာတော်ကြီးဟောမှ ရေးမှ တအံ့တသြဖတ်ရတယ်။ အဲဒါမိမိအသက် ၃၀ ကျော်မှတွေ့ရတာ။

ဇာတ်လမ်း

ဘုရင်တစ်ပါးဟာ တိုင်းခန်းလှည့်လည်စဉ် လူရွယ်တစ်ယောက်ရဲ့ဇနီးမယားကို မြင်မိရာက တပ်မက်စွဲလမ်းပြီး သူ့လင်ကို သေအောင်ကြံစည်တော့တယ်။ တစ်ရက်ခရီးဘယ်လိုမှ ပြန်မရောက်နိုင်လောက်အောင်ဝေးတဲ့ ဘီလူးတစ်ကောင်စောင့်တဲ့ ရေကန်အတွင်းမှ ကြာပန်းကို နေ့ချင်းပြန်၊ အပြေးအမြန်သွားပြီး ရအောင်ခူးယူဆက်သရမယ်။ မရရင် သတ်စေအမိန့်တဲ့။

အဲဒီလုလင်ပျိုဟာ ဇနီးမယားပေးတဲ့ ထမင်းထုပ်ကို ဆွဲပြီး အဲဒီရေကန်ကြီးရှိရာကို ပြေးတော့တာပဲ။ အချိန်မီမရောက်ရင် အသတ်ခံရမှာ ကြောက်တဲ့ ဇောနဲ့ပေါ့။

ဒါန

နေ့ခင်း ၁၁ နာရီလောက် ရေကန်ကြီးနားရောက်သွားပြီ။ မောလွန်းလို့နား။ စားစရာအထုပ်ကိုဖြေပြီး ပတ်ဝန်းကျင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေကန်စောင့်နတ်များကို ဦးစွာဆက်သပူဇော်ပါတယ်။ သုံးဆောင်ကြပါ။ မေတ္တာရှေးရှု လှူဒါန်းခြင်း ပြုပါတယ်။ ပြီးတော့မှ သူစားတယ်။

❖ ဘဝဆိုတာရလာမှတော့ စွန့်ပယ်စရာမဟုတ်။ ဘဝဆိုတာ လိုတာထက် ပိုပြီးမခင်တွယ်သင့်။ ဖြတ်သန်းနေရတဲ့ဘဝတိုတိုလေးမှာ ဟိုလူ့အပြစ်တင်၊ ဒီလူကိုမုန်းတီး၊ ဟိုတစ်ယောက်အမျက်ဒေါသထွက်၊ ဟိုလူစုကိုရန်လုပ်၊ ဒီလူတွေသတ်ဖြတ်။ ရူးသွပ်တဲ့စိတ်မိုက်စိတ်ရိုင်းတွေလည်း တော်ကြပါတော့။ ရပ်ကြပါတော့။ (အမှန်ကတော့ မင်းတို့မသတ်လည်း အဲဒီလူတွေက သေခြင်းမျိုးစေ့ပါလာခဲ့ပြီးသားပါ။ မင်းက သွေးစွန်းပေအောင် ဘာမှသတ်ဖြတ်သုတ်သင်နေစရာမလိုပါ။) ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလိုပဲ ကိုယ့်ထံပြန်လာမြဲမို့ အကြမ်းဖက်လူသတ်သမား အတော်များများဟာ မျက်စေ့အောက်မှာ အတုံးအရုံးပျောက်ကွယ်ပြီးဆုံးသွားကြရပြီပဲ။ စာဖတ်သူတွေ သိပြီးသား။ ❖

ဒီတစ်ခါမှာ ရေကန်စောင့်တဲ့နတ်ဘီလူးက ဒီလူရွယ်ကို မေတ္တာသက်ဝင် လေးစားချစ်ခင်သွားပြီး ကန်အလယ်က ကြာဖူးကြာပန်းတွေကိုခူးကာ လက်ဆောင်ပေးလိုက်သတဲ့။ (ပူဇော စ ပူဇေနေယျာနံ ဇေတမင်္ဂလ မုတ္တမံ။ ပူဇော်လေးမြတ်ထိုက်သူကို လေးစားပေးဝေတာလဲ မင်္ဂလာပဲလေ။) ဒီကန်ကြီးကို ရောက်ခဲ့တာမှန်တယ်ဆိုတဲ့ အခြားအထောက်အထား သက်သေအနေနဲ့ ကန်ပေါင်ပေါ်က မြေနီမြေမှုန့်တွေကိုလည်း ကြာဖက်နဲ့ သေသေချာချာထုပ်ပြီး ပေးလိုက်သေးသတဲ့။

ဒီလူရွယ်လည်း ရေကန်ထဲတောင် ဆင်းစရာမလိုဘဲ ရိုသေတတ်မှု၊ မေတ္တာရှေးရှု၊ ပေးဝေလှူဒါန်းမှု ကုသိုလ်တန်ခိုးနဲ့ အလွယ်တကူမိတ်ဆွေရ။ လိုချင်ဆန္ဒပြည့်ဝ။ ကြာပန်းနဲ့ မြေနီမှုန့်အထုပ်ယူကာ နေပြည်တော်သို့ မရပ်မနားအပြေးပြန်လာခဲ့။

နေဝင်လုပြီ။ နေမဝင်ခင် ဒီနေ့ဆက်ဆက် ဘုရင့်ထံ ကြာပန်းတွေ မဆက်သနိုင်ရင် သေဒဏ်ကျခံရမယ်။

မြို့ရိုးတံခါးတွေအားလုံးကလည်း ဘုရင်မင်းရဲ့ ညွှန်ကြားချက်နဲ့ နေမဝင်ခင်ကပင် ပိတ်ထားကြပြီ။ မြို့တံခါးတွေကို ဖွင့်ပေးပါဦး၊ ဘုရင့်အမိန့် ထမ်းဆောင်တဲ့ အထူးတာဝန်နဲ့ ပြန်လာတာပါ။ ဘယ်လိုပဲ အော်ဟစ်တင်ပြပေမယ့် အစောင့်အကြပ်တာဝန်ရှိသူတွေက အရေးမလုပ်ကြတော့ ခက်နေပြီ။ နေကလဲ ဝင်လုပြီ။

ဟိုဟိုဒီဒီ နီးရာမြင်ကွင်းကြည့်လိုက်တော့ ဟိုနားက သုသာန်လိုလိုနေရာက ကားစင်မှာလူ တစ်ယောက်ရဲ့ ညည်းညူသံလဲကြားရ၊ သွားကြည့်လိုက်မှ ရာဇဝတ်သားတစ်ယောက်၊ စအိုမှခေါင်းထိအောင် တံကျင်လျှိုပြီး မသေမရှင် နှိပ်စက်ခံနေရတဲ့ သွေးသံရဲရဲ မသေသေးတဲ့လူတစ်ယောက်ပေပဲ။

အသိအကျွမ်း

"အသင်ဘယ်သူပဲဖြစ်ဖြစ်၊ သင့်ဝေဒနာဒုက္ခတွေ ကြားကပဲ ငါ့အသက်ကိုကယ်ပါဦး။ ငါဟာ နေမဝင်မီ မင်းနေပြည်တော်ကိုရောက်တာ အမှန်ပါ။ မြို့ရိုးတံခါး အားလုံးက နေမဝင်ခင် စောပိတ်ထားကာ ဖွင့်မပေးလို့ ကြာပန်းတွေ ဆက်တာနောက်ကျရကြောင်း ကျွန်ုပ် တင်လျှောက်တဲ့အခါ မိတ်ဆွေက မျက်မြင်သက်သေ အနေနဲ့ မှန်ကန်ကြောင်း ထောက်ခံစကားလေး သက်ဆိုင်ရာကို ပြောပြပေးပါ"လို့ မေတ္တာရပ်ခံတယ်။

ဝေဒနာခံစားနေရတဲ့ ကားစင်ပေါ်ကလူက စကားသံယဲ့ယဲ့နဲ့ "ငါတာဝန်မယူနိုင်ဘူး။ မကြာခင်ပဲ ငါလည်း သေသွားနိုင်တယ်။ သို့တစေ၊ ည ၈ နာရီလောက်မှာ ငါ့ဆီကို လာစကားပြောသူတစ်ယောက်တော့ လာကောင်းလာလိမ့်မယ်။ သူနဲ့တွေ့ပြီး ပြောကြည့်ပေါ့"တဲ့။

ဒီလုလင်ငယ်မှာ စောင့်ရုံကလွဲလို့ အခြားရွေးချယ်စရာနည်းလမ်းမှမရှိဘဲ။ မှောင်နဲ့မည်းမည်းသန်ရီုင်းကုန်းထဲမှာ ခြင်ကိုက်၊ ကျွတ်တွယ်၊ ပုရွက်ဆိတ်တက်ခံရင်းပဲ ထိုင်စောင့်နေရင်း-

ည ၈ နာရီလောက်မှာ ကောင်းကင်ယံက လျှပ်စီးလက်သလို ဝင်းဝင်းလက်လက် အရောင်တွေမြင်ရပြီး နတ်မြင်းပျံကြီးစီးလာတဲ့လူလား၊ နတ်လား တစ်စုံတစ်ယောက် ကားစင်ပေါ်က လူရှေ့ကိုဆင်းသက်ရောက်ရှိလာတယ်။ အလွန်ထူးဆန်းလို့ အံ့ဩဖွယ်မယုံနိုင်စရာပါ။

အားတင်းထား

အဲဒီလူက ကားစင်ပေါ်မှ သွေးသံရဲရဲ၊ တံကျင်လျှို ခံထားရသူကို ကြင်ကြင်နာနာနဲ့ "လူကလေး၊ မင်း အားတင်းထား၊ လူ့ဘဝဆိုတာ ခက်ခက်ခဲခဲအင်မတန်မှ တန်ဖိုးမြင့်မားလှတယ်။ မင်းဟာ သူခိုးအပြစ်နဲ့ သေဒဏ်ကျခံရသူမို့ အကယ်၍ သေဆုံးပြီး ဘဝတစ်ပါးရောက်ရှိသွားရင် သူတစ်ပါးပစ္စည်းခိုးဝှက်မှု၊ ဓားပြမှု၊ လူသတ်မှုတွေ လူ့ဘဝက အပြစ်ဒဏ်မျိုးထက် အဆများစွာဆိုးရွားတဲ့ ငရဲဆင်းရဲတွင်းထဲသို့ မုချ ကျရောက်ရလိမ့်မယ်။ ဒီဘဝမကုန်ခင်မှာ ကုသိုလ်ကောင်းမှုရနိုင်ဖို့အတွက် တန်ဖိုးရှိတဲ့အသက်ရှင်သန်မှုကို သည်းခံဖက်တွယ်ပါ။"လို့ အားပေးတယ်။

ကားစင်ပေါ်က လူက နတ်မြင်းပျံဖြူဖြူကြီး စီးဆင်းလာသူကို သူ့ထံအပူကပ် အကူညီတောင်းနေသူရဲ့သက်သေခံပေးရန် မေတ္တာရပ်ခံချက်ကို ပြောပြတယ်။ မြင်းဖြူစီးပြီး ဆင်းလာသူက ငါကူညီမယ်လို့ ပြောပြီး ပျံတက်သွားပါလေရော။

နောက်နေ့မနက်မှာတော့ မြို့တံခါးတွေ ဖွင့်ပါပြီ။ သန်ရီုင်းထဲမှာ ညအိပ်ခဲ့ရတဲ့ လူရွယ်လေးလဲ ကြာပန်းတွေ မြေနီမြေညက်မှုန့်တွေပါတဲ့ ကြာဖက်ထုပ်နဲ့ နန်းတော်ထဲကို ပြေးဝင်ပြီး ဘုရင်ထံ ဆက်သတာပေါ့။

ဘုရင်လည်း ဒီကောင်ကို ရေကန်စောင့်တဲ့ နတ်ဘီလူးက သူ့ရေကန်ထဲဆင်းလို့ စားမပစ်လိုက်ဘဲ ဘယ်လိုကြောင့် အသက်ရှင်ပြီး ပြန်ရောက်လာရတာလဲဟာ။ တအံ့တသြမေးတော့ အကျိုးအကြောင်းဖြေကြား။

အလှည့်အပြောင်း

မနေ့က နေမဝင်ခင်ရောက်ခဲ့ပါကြောင်း သက်သေပြစမ်းဆိုတော့ မနောဇဝနတ်မြင်းဖြူကြီးစီးပြီး ပျံဆင်းလာသူတစ်ယောက်က သူသက်သေခံပါမယ်။ မြို့ပြင်သန်ရီုင်းကိုလာခဲ့ပါဆိုလို့ ဘုရင်ဖြစ်သူလည်း တအံ့တသြနဲ့လိုက်လာတာပေါ့။ **စာမျက်နှာ ၅ သို့** á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ထီးချိုင့် ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မြေပဲဧက ၁၂၂၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံမြေပဲ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေ အထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကို အောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍သိရသည်။ (၂၀၆)

နိုင်ငံချစ်စိတ်

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
မြတ်နိုးလို့ချစ်ခင်၊
ကိုယ့်နိုင်ငံ စာစကား
ပြောကြားနေ့စဉ်၊
မြတ်ဗုဒ္ဓ အဆုံးအမတွင်
ခုံမင်ကာ ကျင့်ကြံပွား၊
ကိုယ့်နိုင်ငံ တိုးတက်ရေး
ရှေးရှုကြိုးစား။

- ငါတို့သည် မြန်ပြည်သား
ဘိုးဘွားတို့ ပိုင်ရာမြေ၊
သားငါးရယ် သယံဇာတ
ကြွယ်ဝဌာနေ၊
ငါတို့ချစ် ငါတို့ပြည်
ငါတို့သည် စောင့်ရှောက်လို့၊
ကိုယ့်နိုင်ငံ ဂုဏ်အချင်း
ထွန်းလင်းစေဖို့။

- နိုင်ငံကို ချစ်ကြစို့
သွေးချင်းတို့ များညီနောင်၊
တောင်ပေါ်ရယ် မြေပြန့်မခွဲ
လက်တွဲခုနောင်၊
ကိုယ့်လက်ထက် ကိုယ့်ပြည်ထောင်
ထွန်းတောက်အောင် ကြံဆောင်မနှေး၊
နိုင်ငံတော် ချစ်စိတ်ကို
ထိပ်တန်းတင်ပေး။ ။

ချစ်သက်(မြန်မာစာ)

á **စာမျက်နှာ ၄ မှအဆက်**

ဟုတ်တယ်။ ဘုမ္မဇိုးနတ်မင်းကြီးဟာ လုလင်ငယ် တလိုက်တာနဲ့ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ နတ်မြင်းပျံကြီးစီးလျက်ရောက်ချလာတာပဲ။ နတ်မင်းကြီးက ဒီလုလင်ဟာ မနေ့ညနေ နေမဝင်ခင်ရောက်ခဲ့ကြောင်း၊ ကားစင်မှာတင်ခံထားရသူက သက်သေတည်ခဲ့ကြောင်း၊ ဒါကြောင့် သင်တာဝန်ပေးတဲ့ရေကန်မှ ကြာပန်းကြာဖူးတွေ ခူးယူခဲ့သူ၊ သက်သေခံ ကန်ပေါင်ပေါ်က မြေနီမြေမှုန့်တွေ ပြသနိုင်သူဟာ အပြစ်မရှိပါ။ မသတ်ထိုက်ပါလို့ ဝင်ပြောပါလေရော။

ဘုရင်လည်း သူ့အဂတိအမှားကို ပြန်သိမြင်ပြီး လုလင်ပျိုအား အမှုဆင်သေကြောင်းကြံမှု လက်လျှော့လိုက်ပါတော့တယ်။ အာဏာရှိသူက သာမန်အရပ်သားတစ်ယောက်ကို သူ့မယားပြစ်မှား ချင်တာကြောင့် သေအောင်စီမံတာတော့ ပျက်ပြယ်သွားလေပြီ။

ဘုရင်က နတ်မင်းကြီးကိုမေးတယ်။

"သင်ကဘယ်သူလဲ"

ကံ

"အကျွန်ုပ်သည် ကားစင်ပေါ်က လူရဲ့ဦးလေးတော်တဲ့ ရိုးရိုးသားသား စျေးသည်တစ်ယောက်ပဲ။ (ဘယ်မြို့ ဘယ်ရပ်ကွက်၊ ဘယ်လမ်းမှာနေခဲ့သူ)။ သူကတော့ အကျင့်မကောင်းဘူး။ ခိုးတယ်။ ဆိုးတယ်။ သူ ခိုးလာပြီး ငါ့အိမ်(သူ့ဦးလေးအိမ်ထဲ) ငါမသိဘဲ ပစ္စည်းလာဝှက်တာမိလို့ သေဒဏ်ချခံရသူ(အမည်ပြောပြ)။ သူက ရှောင်တိမ်းနေရာ မနေ့တစ်နေ့ကမှမိလို့ တံကျင်လျှို၊ ကားစင်တင်သေစေ၊ အင်ထားတာ"

"အသင်က ဘာကြောင့်နတ်မင်းဖြစ်နေသလဲ"

"လူ့ဘဝမှာ ငါဟာ ငါးပါးသီလမြဲခဲ့တယ်။ ကုသိုလ်အပြုများပြီး အကုသိုလ် ဒုစရိုက်အမှားကင်းလို့ နတ်သားဖြစ်ခဲ့ရတယ်"

"သင့်မှာ ဘာလို့နတ်မြင်းပျံ၊ မြင်းဖြူကြီးပိုင်ဆိုင်ရတာလဲ"

"လူ့ဘဝမှာ ငါက လူတွေသွားလာရခက်ခဲတဲ့ချောင်းကလေးမှာ ခြေချနင်းစရာခဲလေး၊ အုတ်ခဲလေးတွေ တံတားအဖြစ် ချခင်းပေးတဲ့ ကုသိုလ်ကြောင့်ပဲ"

"သင့်မှာ အဝတ်မပါ၊ ကိုယ်လုံးတီးကြီးဖြစ်နေပါလား။ နတ်ဖြစ်ပါလျက် ဝတ်လစ်စားလစ်ဘာလို့ဖြစ်"

ကံရဲ့အကျိုး

"လူ့ဘဝမှာ ငါဟာ လူပျော်လူနောက်မို့ မြစ်ကမ်းဘေးမှာ ရေချိုးလာသူတွေ၊ ချုံပေါ်မှာ ပုဆိုးတင်ထားသူတွေကို ရယ်စရာအနေနဲ့ ယူဂှက်ထားပြီး တဟားဟား ချုံဘေးက ရယ်နေခဲ့ဖူးတယ်။ ပြီးမှပြန်ပေးပြီး အဝေးထွက်ပြေးတယ်။ သူတစ်ပါး အရှက်ရအောင် ငါက လှောင်ပြောင်ခဲ့လို့ အဝတ်အစားမပါဘဲနေရတယ်"

ဘုရင်လည်း အံ့လည်းအံ့သြ၊ သနားလည်းသနား ခံစားမိတာပေါ့။

"ကျွန်ုပ်က အသင်နတ်မင်းကို ဝတ်စရာပေးမယ်၊ ရမလား"

"မရပါဘူး အသင်မင်းကြီး၊ ဝန္ဓကြွေးမို့ ဘယ်သူပေးပေး၊ ဝတ်လို့ မရနိုင်ပါ"

"အဝတ်ရစေမယ့် နည်းလမ်းမရှိဘူးလား။ သိရင်ပြောပါနတ်မင်း"

"အရှင်မင်းကြီးက ရဟန္တာတစ်ပါးဖြစ်တဲ့ ကျောက်ဂူမှာ သတင်းသုံးသူ အရှင်ပဋ္ဌက မထေရ်ကို သက်နိုး သုံးစုံကပ်လျှောပါ။ အမျှဝေပါ။ သင်လည်း ကုသိုလ်ရမယ်။ အကျွန်ုပ်က သာဓုသုံးကြိမ်ခေါ်မယ်။ အဲဒီအခါ ငါ့မှာ နတ်ဝတ်နတ်စားတွေ အလိုလိုပေါ်ပေါက်လာမယ်"တဲ့။

"ကောင်းပြီ သက်နိုးသွားလျှောပါမယ်။ အခြား ငါ ဘာကူညီပေးရမလဲ နတ်မင်းကြီး။ သင်နဲ့တွေ့ရလို့ ကုသိုလ်ပြုခြင်းရဲ့အကျိုး၊ အကုသိုလ်ပြုမှုရဲ့ဆိုးကျိုး ဒိဋ္ဌတွေ့ကြုံရတာ အထင်အရှားသိရလို့ ကျေးဇူးကြီးရဲ့"

"အသင်မင်းကြီး ကူညီမယ်ဆိုရင် ယခင်ဘဝက ကျွန်ုပ်ရဲ့တူ(သူ့နှမရဲ့သား)လေး ရာဇဝတ်ဘေးမှ သူလည်း တရားသံဝေဂရနေပြီမို့ သေဒဏ်အပြစ်မှ ကင်းလွတ်ပေးစေလိုပါတယ်"

"ကောင်းပြီ။ နတ်မင်းကြီးရဲ့ ကျေးဇူးများစွာကို ထောက်ထားလျက်၊ သူခိုးရာဇဝတ်သားအား တံကျင်လျှိုထားခြင်းမှ ဖြုတ်၊ ကားစင်မှချ၊ ဆေးဝါးကုသ အသက်ရှင်ခွင့်ရစေ..." စိတ်ဝင်စားစရာ ဖြစ်ရပ်မှန်ဝတ္ထုနော်။

နိဂုံး

စာဖတ်သူများခင်ဗျာ ဘယ်သူမဆို အမှားအပြစ်နဲ့တော့ မကင်းနိုင်ခဲ့ကြပါဘူး။ ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်ကတော့မနေဘူး။ ကောင်းမှု၊ မကောင်းမှုအတိုင်း ဘဝဇာတ်ဆရာကြိုးဆွဲရာကပြရတဲ့ ရုပ်သေးတွေပါပဲ။ ဟုတ်ကဲ့ ကြိုးဆွဲသူက ပြင်ပမှအခြားသူမဟုတ်ဘဲ မိမိရဲ့ **"စိတ်ထားသဘောထား၊ စေတနာစေ့ဆော်မှု"**ဟာ ကံပါပဲ။ စေတနာဟာ ဘဝကိုကောင်းအောင်၊ ဆိုးအောင်အကြောင်းခံတဲ့ကံပါ။

ကြည့်ပါ။ ကားစင်ထက်တွင် နတ်မင်းက (ယခင်ဘဝက ဦးကြီးဆွေမျိုးတော်ဖူးသူ) အားတင်းဖို့ ညအခါလာပြီး အားပေးခြင်းကြောင့် ဘဝနိဂုံးမချုပ်သူဟာ ရဟန်းသံဃာတော်ဘဝ မြင့်မြတ်သောလူသားအဖြစ် ရောက်ရှိသွားပါသတဲ့။ သံဝေဂယူစရာ၊ ဘဝသင်ခန်းစာမို့ ဘဝမှာ ရှင်သန်နေသမျှ နေ့ရက်တွေကို အဖိုးတန်အောင်နေထိုင်၊ ပြုမှု၊ ပြောဆိုနိုင်ကြပါစေ။

နိုင်ငံတကာ သတင်းများ

အမေရိကန်တောင်တက်သမား အဲလက်စ်ဟွန်နိုး တိုင်ပေ ၁၀၁ ကို ကြိုးမပါဘဲ တက်ရောက်နိုင်ခဲ့

တိုင်ပေ ဇန်နဝါရီ ၂၅

အမေရိကန်တောင်တက်သမား အဲလက်စ်ဟွန်နိုးသည် ယနေ့တွင် တရုတ်(တိုင်ပေ)၏ အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် တိုင်ပေ ၁၀၁ မိုးမျှော်အဆောက်အအုံကို ကြိုးနှင့် အခြားအကာအကွယ် ပစ္စည်းများမပါဘဲ အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ များထဲတွင်ပါဝင်သော တိုင်ပေ ၁၀၁ အဆောက်အအုံသည် အထပ် ၁၀၁ ထပ်ရှိပြီး အမြင့် ၅၀၈ မီတာ (၁၆၆၇ ပေ)ထိ ရှိသည်။

သို့ရာတွင် အမေရိကန်တောင်တက်သမား အဲလက်စ်ဟွန်နိုးသည် တိုင်ပေ ၁၀၁ အဆောက်အအုံ၏ အင်္ဂလိပ်အက္ခရာ အယ်လ်ပုံ သဏ္ဌာန် ထောင့်ကွေးများကို ခြေနင်းအဖြစ်သုံး၍ အဆောက်အအုံထိပ်ဆုံးသို့ အောင်မြင်စွာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဲလက်စ်ဟွန်နိုးသည် စတင် တက်ရောက်ခဲ့ပြီး မိနစ် ၉၀ ခန့် အကြာတွင် အဆောက်အအုံ၏ ထိပ်ဆုံးသို့ ရောက်ရှိခဲ့ရာ မြေပြင်တွင် စောင့်ကြည့်နေသူများက အားပေးခဲ့ကြသည်။

အဲလက်စ်ဟွန်နိုးသည် မူလက ဇန်နဝါရီ ၂၄ ရက်တွင် တိုင်ပေ ၁၀၁ အဆောက်အအုံကို တက်ရောက်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ယနေ့မှသာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဲလက်စ်ဟွန်နိုးသည် အမေရိကန်နိုင်ငံ ယိုဆီမိုက်အမျိုးသား ဥယျာဉ်မှ အယ်လ်ကာပီတန် တောင်ကမ်းပါးကို ကြိုးမပါဘဲ တက်နိုင်ခဲ့မှုကြောင့် ထင်ရှားသူ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အရှေ့အလယ်ပိုင်းဒေသ အခြေအနေတင်းမာမှုကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ လမ်းကြောင်းပြောင်း ပျံသန်းနေရ

လန်ဒန် ဇန်နဝါရီ ၂၅

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှု မြင့်တက်နေချိန်တွင် နိုင်ငံတကာ လေကြောင်းလိုင်းများက အရှေ့အလယ်ပိုင်းခရီးစဉ်များကို လမ်းကြောင်းပြောင်းပျံသန်းမှုများ၊ ခရီးစဉ်ဖျက်သိမ်းမှုများ ပြုလုပ်နေကြရကြောင်း ဇန်နဝါရီ ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ဒေသသို့ ရေတပ်သင်္ဘော အုပ်စုတစ်စု စေလွှတ်ထားကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ မြင့်တက်လာခဲ့ရသည်။

အီရန်ကို တိုက်ခိုက်ခဲ့ပါက မည်သည့် တိုက်ခိုက်မှုမျိုးကိုမဆို တင်းပြည့်ကျပ်ပြည့် စစ်ဆင်နွှဲမှု အဖြစ် မှတ်ယူမည်ဖြစ်ကြောင်း အီရန် ထိပ်တန်းတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ဖြစ်ရာ အခြေအနေများ တင်းမာနေမှုကြောင့် ပြင်သစ်လေကြောင်းလိုင်း၊ လုဖ်သန်ဆာ လေကြောင်းလိုင်း၊ ဗြိတိသျှ လေကြောင်းလိုင်းတို့ အပါအဝင် နိုင်ငံတကာ လေကြောင်းလိုင်းများက အရှေ့အလယ်ပိုင်းခရီးစဉ်များကို ဖျက်သိမ်းခြင်း၊ လမ်းကြောင်းပြောင်းပျံသန်းခြင်းများ ပြုလုပ်နေရကြောင်း သိရသည်။

ဥရောပသမဂ္ဂ အရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့သည် အီရန်လေပိုင်နက်ကို ရှောင်ရှားပျံသန်းကြရန် ဥရောပလေကြောင်းလိုင်းများကို ဇန်နဝါရီ ၁၆ ရက်က အကြံပြုထားသည်။

ယူအက်စ်အက်စ် အေဘရာဟင် လင်ကွန်း လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် အမေရိကန်ရေတပ်သင်္ဘောအုပ်စုသည် လာမည့်ရက်အတွင်း အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိမည်ဟု အမေရိကန် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ဥရောပသမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံတို့ ဆက်ဆံရေးအဆင့်မြှင့်တင်မည်

ဟန္တိုင်း ဇန်နဝါရီ ၂၅

ဥရောပသမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကော့စတာ၏ ဟန္တိုင်း ခရီးစဉ်ကာလအတွင်း နှစ်ဖက် ဆက်ဆံရေးကို တရားဝင်မြှင့်တင်မည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကော့စတာသည် ဇန်နဝါရီ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့သို့လာရောက်၍ ဗီယက်နမ် ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရန် စီစဉ်ထားသည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ် ခွန်စည်းကြပ်မှုများနှင့် ရင်ဆိုင်နေရသည့် ဥရောပသမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံတို့သည် နိုင်ငံတကာ မိတ်ဖက်ဆက်ဆံရေးများ ချဲ့ထွင်ရန် ကြိုးပမ်းနေရသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီက လက်ရှိပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းကို လာမည့် ငါးနှစ်သက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံသို့သွားရောက်ရန် ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကော့စတာက စီစဉ်ထားခြင်းဖြစ်သည်။

ဥရောပသမဂ္ဂနှင့် ဗီယက်နမ်နိုင်ငံတို့ကြား ဆက်ဆံရေးအမြင့်ဆုံးအဆင့်ထိမြှင့်တင်ရန် နှစ်ဖက်တာဝန်ရှိသူများက လအတန်ငယ်ကြာ အချိန်ယူပြင်ဆင်ခဲ့ရသည်။

ဆက်ဆံရေး အဆင့်မြှင့်တင်ပြီးပါက ဥရောပသမဂ္ဂသည် တရုတ်၊ အမေရိကန်၊ ရုရှားနိုင်ငံတို့ကဲ့သို့ ဗီယက်နမ်၏ ထိပ်တန်းမိတ်ဖက်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

မူးယစ်ဆေးတင်ရေယာဉ်ဟု ယူဆရသည့် ရေယာဉ်တစ်စီး အမေရိကန်တပ်မတော် တိုက်ခိုက်

ဝါရှင်တန် ဇန်နဝါရီ ၂၅

ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း ဒေသ၌ မူးယစ်ဆေးဝါးတင် ရေယာဉ်တစ်စီးအဖြစ် ယူဆရသည့် ရေယာဉ်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တပ်မတော်က ဇန်နဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် ဗင်နီဇွဲလားသမ္မတ မာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ပစိဖိတ်အရှေ့ပိုင်း၌ အမေရိကန်တပ်မတော် ကပြုလုပ်ခဲ့သည့် ပထမဆုံးမူးယစ်ဆေးတင်ရေယာဉ် တိုက်ခိုက်မှု ဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ရေယာဉ်ပေါ် လိုက်ပါလာသူများ အနက် နှစ်ဦးသေဆုံး၍ တစ်ဦး အသက်ရှင်ခဲ့ကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် တပ်မတော်သည် ဇန်နဝါရီ ၃ ရက်တွင် ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက်ပိုင်း ကာရေဘီယံဒေသနှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းတို့၌ မူးယစ်ဆေးတင်ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ်များ တိုက်ခိုက်မှုကို ရပ်တန့်ထားသည်။

အမေရိကန် တပ်မတော်သည် မူးယစ်ဆေး ကုန်သွယ်မှုများကို နှိမ်နင်းရေးအတွက် ပြီးခဲ့သည့်နှစ် စက်တင်ဘာလ အစောပိုင်းမှစ၍ ယခုနှစ် ဇန်နဝါရီ ၂၄ ရက်ထိ မူးယစ်ဆေးတင် ရေယာဉ်အဖြစ် ယူဆရသည့် ရေယာဉ်များကို ၃၆ ကြိမ်ထိ တိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများအတွင်း လူ ၁၁၇ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်တပ်မတော်၏ အဆိုအရ သိရသည်။ **Ref : RT**

Trs : KKO

ဖက်ဒရယ်ဝန်ထမ်းတစ်ဦး ပစ်ခတ်မှုကြောင့် မင်နီယာပိုလစ်မြို့၌ အမျိုးသားတစ်ဦး သေဆုံး

နယူးယောက် ဇန်နဝါရီ ၂၅

အမေရိကန်နိုင်ငံ မင်နီယာပိုလစ်မြို့၌ ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတစ်ဦး၏ ပစ်ခတ်မှုကြောင့် ဇန်နဝါရီ ၂၄ ရက်က အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် မင်နီယာပိုလစ်မြို့၌ ဖက်ဒရယ်ဝန်ထမ်းများ၏ ပစ်ခတ်မှုကြောင့် ဖြစ်ပွားခဲ့သော ဒုတိယမြောက် လူသေဆုံးမှု ဖြစ်သည်။

အသက် ၃၇ နှစ်ရှိ အဲလက်စ်ဖရက်တီအမည်ရှိ အမျိုးသားသည် လက်လုပ်သေနတ်တစ်လက်ကိုင်ဆောင်၍ ချဉ်းကပ်လာပြီး လက်နက်သိမ်းရန် ကြိုးပမ်းမှုများကို ခုခံခဲ့မှုကြောင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်အနေဖြင့် ဖက်ဒရယ်ဝန်ထမ်းတစ်ဦးက ပစ်ခတ်တားဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဗီဒီယိုမှတ်တမ်းများအရ သေဆုံးသူအမျိုးသားကိုင်ဆောင်ထားသည်မှာ သေနတ်မဟုတ်ဘဲ ဖုန်းတစ်လုံးသာဖြစ်ကြောင်း သိရသည်။

ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း၏ ပစ်ခတ်မှုကြောင့် အဲလက်စ်ဖရက်တီ သေဆုံးခဲ့ပြီးနောက် မင်နီယာပိုလစ်မြို့၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး မြို့တော်ထိပ်တန်း တာဝန်ရှိသူများက ဖက်ဒရယ်ဝန်ထမ်းများ၏ လုပ်ရပ်ကို ဝေဖန်ရှုတ်ချခဲ့ကြသည်။

ဇန်နဝါရီ ၇ ရက်ကလည်း မင်နီယာပိုလစ်မြို့၌ ဖက်ဒရယ်ဝန်ထမ်းတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရာ ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

SCIENCE AND TECHNOLOGY

Rocket Lab ကုမ္ပဏီက ဥရောပဂြိုဟ်တုကုမ္ပဏီတစ်ခုဖြစ်သော အိုးပင်းကော့စမော့စ်ကုမ္ပဏီ၏ ဂြိုဟ်တုနှစ်စင်းကို လွှတ်တင်ခဲ့

ဝါရှင်တန် ဧန်နဝါရီ ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဥရောပ ဂြိုဟ်တုကုမ္ပဏီ တစ်ခုဖြစ်သော အိုးပင်းကော့စမော့စ် ကုမ္ပဏီ၏ ဂြိုဟ်တုနှစ်စင်းကို ဧန်နဝါရီ ၂၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဧန်နဝါရီ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

လွှတ်တင်ပြီး မိနစ် ၇၀ ခန့် အကြာတွင် ကမ္ဘာမြေပြင်အထက် အမြင့် ၆၂၅ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Rocket Lab ကုမ္ပဏီသည် အိုးပင်းကော့စမော့စ် ဂြိုဟ်တုနှစ်စင်းကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုးပင်းကော့စမော့စ် မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၆ ခုနှစ်၏ ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း၊ အဆိုပါ မစ်ရှင်သည် အိုးပင်းကော့စမော့စ် ကုမ္ပဏီအတွက် လွှတ်တင်ခဲ့သော ပထမဆုံး မစ်ရှင်ဖြစ်သည်။

Rocket Lab ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၂၁ ခုထိ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

လကမ္ဘာကျောက်သားနမူနာများထဲတွင် နာနိုကာဗွန်ပြွန်ငယ်များ ပါဝင်နေမှုကို တရုတ်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

ပေကျင်း ဧန်နဝါရီ ၂၅

ချန်အာ-၆ လဆင်းယာဉ် ရယူပေးထားသော လကမ္ဘာကျောက်သားနမူနာများထဲတွင် နာနိုကာဗွန်ပြွန်ငယ်များ (Carbon Nanotubes) ပါဝင်နေမှုကို တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ဧန်နဝါရီ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လကမ္ဘာကျောက်သားနမူနာများအတွင်း တရုတ်သိပ္ပံပညာရှင်များတွေ့ရှိခဲ့သည့် Carbon Nanotube များသည် အဏုမြူအက်တစ်တစ်လုံးစာလောက်သာ အထူရှိသည့် ကာဗွန်ပြွန်ငယ်များဖြစ်ကြောင်း သိရသည်။

Carbon Nanotube များကို အဆင့်မြင့်ဓာတ်ခွဲခန်းများထဲတွင်သာ ဖန်တီးနိုင်ကြောင်း သိပ္ပံပညာရှင်များသည် ရှေးယခင်က ယူဆခဲ့ကြသည်။

သို့ရာတွင် ချန်အာ-၆ လဆင်းယာဉ်၏ လကမ္ဘာကျောက်သားနမူနာအထောက်အထားများအရ သဘာဝတရားသည်လည်း Carbon Nanotube များအား တည်ဆောက်ပေးနိုင်သည်ကို တွေ့ရကြောင်း တရုတ်နိုင်ငံ ကျိလင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် Carbon Nanotube များကို ၁၉၉၀ ပြည့်နှစ်ကပင် အထူးဓာတ်ခွဲခန်းများဖြင့် ဖန်တီးနိုင်ခဲ့ကြကြောင်း၊ တရုတ် အမျိုးသား အာကာသအေဂျင်စီ၏ ချန်အာ-၆ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ်တွင် လကမ္ဘာ အခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ပထမဆုံးကမ်းလွန်ရေပြင်ဂြိုဟ်တုလွှတ်တင်ရေးစခန်းကို စတင်ဖွင့်လှစ်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်နေ

ပေကျင်း ဧန်နဝါရီ ၂၅

အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံများလွှတ်တင်ရေး၊ ပြန်လည် ဆင်းသက်လာသော ပင်မဒုံးယာဉ်များကို ပြန်လည်ရယူရေးတို့အတွက် ရည်ရွယ်တည်ဆောက်ထားသည့် ပထမဆုံးကမ်းလွန်ရေပြင် ဂြိုဟ်တုလွှတ်တင်ရေးစခန်းကို စတင်ဖွင့်လှစ်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်နေသည်ဟု ဧန်နဝါရီ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အထက်ပါကမ်းလွန်ရေပြင်ဂြိုဟ်တု လွှတ်တင်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကမ်းလွန်ရေပြင် ဂြိုဟ်တုလွှတ်တင်ရေးစခန်းကို လာမည့် ဖေဖော်ဝါရီ ၅ ရက်တွင် လုပ်ငန်းစမ်းသပ်လည်ပတ်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အထက်ပါကမ်းလွန်ရေပြင်ဂြိုဟ်တု လွှတ်တင်ရေးစခန်းကို တရုတ်နိုင်ငံအရှေ့ပိုင်းရှန်တုန်းပြည်နယ် ဟိုင်ယန်မြို့၌ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

လာမည့် တရုတ်နှစ်သစ်ကူးကာလအတွင်း ၎င်းကမ်းလွန်ရေပြင်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် ပုဂ္ဂလိက ဒုံးပျံတစ်စင်းကို စမ်းသပ်လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားသည်။

အဆိုပါ ကမ်းလွန်ရေပြင်ဂြိုဟ်တု လွှတ်တင်ရေးစခန်းကို ဟိုင်ယန်မြို့ ကမ်းလွန်ရေပြင်နှင့် သုံးကီလိုမီတာအကွာတွင် တည်ရှိသော ကျွန်းတုတစ်ကျွန်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုကြောင့် Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

လန်ဒန် ဧန်နဝါရီ ၂၅

ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှုကြောင့် အသက်အရွယ်ရလာချိန်တွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဧန်နဝါရီ ၂၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ဘရစ္စတိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Dementia ရောဂါဖြစ်စဉ် သန်းပေါင်းများစွာကို ကိုယ်အလေးချိန်လျှော့ချခြင်း၊ သွေးဖိအားကို ထိန်းချုပ်ခြင်းများဖြင့် ကာကွယ်နိုင်ကြောင်း၊ ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း (BMI) နှင့် Vascular-related Dementia တို့ကြား တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း သိရသည်။

Vascular-related Dementia ရောဂါသည် ဦးနှောက်အတွင်းသို့ သွေးဝင်ရောက်မှု ကျဆင်းသွားချိန်တွင် ဖြစ်ပွားတတ်သည့် Dementia ရောဂါ ပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်လွန်ကဲမှုနှင့် သွေးဖိအား မြင့်တက်မှုတို့ကို ကာကွယ်ကုသပေးပါက Vascular-related Dementia ရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဗြိတိန်နိုင်ငံ၌ မျက်လုံးရေတိမ်ရောဂါ (Glaucoma)ဖြစ်ပွားနှုန်း မြင့်တက်နေ

လန်ဒန် ဧန်နဝါရီ ၂၅

ဗြိတိန်နိုင်ငံ၌ မျက်လုံးရေတိမ်ရောဂါ (Glaucoma) ဖြစ်ပွားမှုနှုန်း မြင့်တက်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဧန်နဝါရီ ၂၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် မျက်စိရောဂါသုတေသန အင်စတီကျူ၏ လေ့လာတွေ့ရှိချက်အရ ဗြိတိန်နိုင်ငံ၌ လက်ရှိအချိန်တွင် မျက်လုံးရေတိမ်ရောဂါလူနာ တစ်သန်းကျော်ထိ ရှိနေကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ မျက်လုံးရေတိမ်ရောဂါဖြစ်ပွားမှုနှုန်းမှာ ခန့်မှန်းထားသည်ထက် မြင့်မားနေနိုင်ပြီး သက်ကြီးလူဦးရေ မြင့်တက်လာသည်နှင့်အမျှ လာမည့်ဆယ်စုနှစ်များအတွင်း မျက်လုံးရေတိမ်ရောဂါ ဖြစ်ပွားနှုန်းမှာ ပို၍မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၆၀ ပြည့်နှစ်တွင် အသက် ၄၀ အထက် လူပေါင်း ၁ ဒသမ ၆ သန်းကျော်တို့မှာ မျက်လုံးရေတိမ်ရောဂါ ခံစားရနိုင်ကြောင်း သိရသည်။

မျက်လုံးရေတိမ်ရောဂါသည် မျက်လုံးအတွင်းပိုင်း၌ ဖိအားစုစည်းလာမှုကြောင့် မြင်လွှာနှာဗ်ဆဲလ်များ ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် မျက်လုံးရောဂါဖြစ်ကြောင်း သိရသည်။

မျက်လုံးရေတိမ်ရောဂါသည် အသက် ၅၀ အထက်ရှိသူများ၌ အဖြစ်အများဆုံး မျက်လုံးရောဂါဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီး ကင်စီဝူ အမှတ်ပေးဇယားကို ဦးဆောင်

လာကွန်တာ ဇန်နဝါရီ ၂၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာကွန်တာမြို့တွင် ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်စီဝူက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရုက်ဖလာနှင့် ဘရောင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အဲရစ်ကိုးနှင့် ဝိုင်ဟမ်ကလက်ခ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ထားကြသည်။

ထူးခြားမှုအနေဖြင့် အသက် ၁၈ နှစ်သာရှိသေးသည့် ဘရောင်းသည် ဒုတိယနေ့တွင်လည်း ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းခဲ့ပြီး စကော့တီရုက်ဖလာ ရရှိထားသည့် ရလဒ်အတိုင်းပင် ဆက်လက်စွမ်းဆောင်ခဲ့သည်။

ဘရောင်းက "ကျွန်တော့်အနေနဲ့ အသက် ၁၈ နှစ်နဲ့ PGA Tour ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရနေတာကို ဝမ်းသာဂုဏ်ယူပါတယ်။ ပရော်ဖက်ရှင်နယ် လောကကို ဝင်ရောက်ခွင့်ရခဲ့ပြီး ပွဲဦးထွက်ပြိုင်ပွဲရဲ့ ပထမနေ့နဲ့ ဒုတိယနေ့နှစ်ရက်စလုံး ရလဒ်ကောင်းရခဲ့ပါတယ်။ ကမ္ဘာ့အဆင့်(၁) ကစားသမား စကော့တီ ရထားတဲ့ရလဒ်အတိုင်း ကစားထားနိုင်လို့ တကယ်ကိုအံ့သြဝမ်းသာမိပါတယ်။ နောက်နေ့တွေ ဘာတွေ ဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့်ရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် တက်ရောက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့် ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က(၆-၄ ၊ ၆-၄ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းရေးအတွက် ချန်ပီယံဆုကို မဖြစ်မနေဆွတ်ခူးရန် အကောင်းဆုံးပြင်ဆင်လာသကဲ့သို့ ကွာတားဖိုင်နယ် အဆင့်ကိုလည်း ချန်ပီယံ လက်စွမ်းမျိုးဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ပြိုင်ဘက်ဟောင်း တွမ်မီပေါလ်ကို ပထမပွဲ ငယ်နှင့် ဒုတိယပွဲငယ်တို့တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း တတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ပွဲစတာနဲ့ တွမ်မီက အကောင်းဆုံးပုံစံနဲ့ ဖိအားပေးခဲ့ပါတယ်။ ဒါပေမဲ့လဲ အနိုင်ရဖို့အတွက် ကျွန်တော် အခွင့်အရေးတွေ ရလာလိမ့်မယ်လို့တော့ စိတ်ထဲမှာ အလိုလိုခံစားမိနေတယ်။ အခွင့်အရေးတွေ တကယ်ရလာခဲ့ပြီး အကောင်းဆုံး အသုံးချနိုင်ခဲ့ပါတယ်။ ခြုံပြောရရင်တော့ ဒီပွဲစဉ်မှာ ကျွန်တော် အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒီထက်ပိုပြီးတော့ ခက်ခဲမယ်လို့ မျှော်လင့်ခဲ့ပေမဲ့လဲ ထင်မှတ်မထားပဲ ပွဲငယ် သုံးပွဲ ဆက်တိုက် အနိုင်ရခဲ့တယ်။ နောက်အဆင့်တွေမှာလဲ အခုလို စွမ်းဆောင်ရည်မျိုးနဲ့ ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : AZL

မန်ယူအသင်းမှထွက်ခွာရန် ကြေညာပြီးနောက် ကက်စ်မဲရိုးကို ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ်အသင်းကြီးများ အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေ

ရီယာ့ဒ် ဇန်နဝါရီ ၂၅

မန်ယူအသင်း ကွင်းလယ်ကစားသမားကက်စ်မဲရိုးက ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ယူအသင်းမှ ထွက်ခွာမည်ဟုကြေညာခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဟု ကြေညာထားခြင်းဖြစ်သည်။

ကက်စ်မဲရိုးအနေဖြင့် မန်ယူအသင်းမှထွက်ခွာရန် ကြေညာခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ်အသင်းကြီးများ ဖြစ်ကြသည့် အယ်လ်နာဆာအသင်း၊ အယ်လ်ဟီလယ်အသင်း၊ အယ်လ်အာလီအသင်း၊ အယ်လ်အီတီဟက်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ကက်စ်မဲရိုးကို ခေါ်ယူရန် ကြိုးပမ်းနေသည့် ကလပ်အသင်းများတွင် ၎င်း၏ ရီးရဲလ်မက်ဒရစ်အသင်းဖော်ဟောင်း တစ်ဦးဖြစ်သည့် စီရော်နယ်ဒို ဦးဆောင်နေသော အယ်လ်နာဆာအသင်း ပါဝင်နေသည့်အတွက် အခြားအသင်းများထက် အယ်လ်နာဆာအသင်းက ကက်စ်မဲရိုးကို ခေါ်ယူရန် အလေးသာ နေကြောင်း သိရသည်။

Ref : The Athletic
Trs : STA

ဘုန်းမောက်အသင်းနှင့်ပွဲစဉ် ရှုံးနိမ့်ပြီးနောက် လီဗာပူးနည်းပြစလော့ အနာဂတ်မရေရာဖြစ်လာ

လန်ဒန် ဇန်နဝါရီ ၂၅

ပရီးမီးယားလီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃) အဖြစ် ဘုန်းမောက်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်း ရှုံးနိမ့်ပြီးနောက် နည်းပြစလော့၏ အနာဂတ်မှာ ပိုမိုမရေမရာ ဖြစ်လာကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် သုံးမိနစ်တွင် ဂျီမီနက်၊ ပွဲချိန် ၂၆ မိနစ်တွင် အီဗန်နယ်ဆင်တို့က ဘုန်းမောက်အသင်းအတွက် ဦးဆောင်ဂိုးများကို သွင်းယူခဲ့ကြပြီး ပွဲချိန် ၄၅ မိနစ်တွင် ဗန်ဒိုက်နှင့် ပွဲချိန် မိနစ် ၈၀ တွင် ဆိုဘော့ဆလိုင်းတို့က လီဗာပူးအသင်းအတွက် ချေပဂိုးများ ပြန်လည် သွင်းယူခဲ့ကြသော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုင်းမိနစ်တွင် အယ်ဒယ်ဒီက ဘုန်းမောက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြစလော့ လက်အောက်တွင် ပရီးမီးယားလီဂ်ပြိုင်ပွဲ၌ လေးပွဲတည်းသာ ရှုံးနိမ့်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ ၂၃ ပွဲတွင် ခုနစ်ပွဲထိ ရှုံးနိမ့်ထားသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလီဂ်ဝင်ခွင့် လွဲချော်နိုင်မည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် ရာသီမကုန်ဆုံးမီ နည်းပြအပြောင်းအလဲ လုပ်ဆောင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

ပဲလေ့စ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် မာတီတာကို နော်တင်ဟမ်အသင်းက ခေါ်ယူရန်ဆွေးနွေးနေ

လန်ဒန် ဇန်နဝါရီ ၂၅

ပဲလေ့စ်အသင်းမှ ထွက်ခွာခွင့် တောင်းဆိုထားပြီး အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်မှူး မာတီတာကို နော်တင်ဟမ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ မာတီတာသည် ၂၀၂၀ ပြည့်နှစ်က မက်ဇ်အသင်းမှ ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အစောပိုင်း ဘောလုံးရာသီများတွင် ခြေစွမ်းပြသခြင်းမရှိသော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီကစ၍ အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့သူသည်။

မာတီတာနှင့် ပဲလေ့စ်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မာတီတာက လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းကလည်း ရာသီအကုန်တွင် မာတီတာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည့် အခြေအနေများကြောင့် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလမှာပင် ရောင်းချရန် ဆုံးဖြတ်ထားသဖြင့် နော်တင်ဟမ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် တန်းဆင်းဇုန် အန္တရာယ်ရှိနေသည့်အတွက် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိရန် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလမကုန်ဆုံးမီ တိုက်စစ်ပိုင်းအတွက် မာတီတာကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အီသီယိုးပီးယားနိုင်ငံက ရုရှားနိုင်ငံထုတ် Orion-E ကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းများကို ဝယ်ယူခဲ့

အီသီယိုးပီးယားနိုင်ငံသည် ရုရှားထုတ် Orion-E ကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းများကို ဝယ်ယူခဲ့ကြောင်း Defence Blog သတင်းဌာနက ဧန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် လေကြောင်းပြပွဲ၏ အီသီယိုးပီးယားလေတပ် ပြခန်းဧရိယာတွင် ရုရှားနိုင်ငံထုတ် Orion-E ဒရုန်းတစ်စင်းကို ခင်းကျင်းပြသခဲ့ရာမှ အီသီယိုးပီးယားအစိုးရသည် ၎င်းကိုရုရှားထံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

Orion-E သည် ရုရှားနိုင်ငံ၏ Kronshtadt Group ကုမ္ပဏီမှ ထုတ်လုပ်သော အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်သည့် MALE အမျိုးအစားဒရုန်းဖြစ်ပြီး ပြည်ပပို့ကုန်ဗားရှင်းလည်းဖြစ်သည်။ ဤဒရုန်းသည် ၂၀၁၆ ခုနှစ်တွင် ပထမဆုံးပျံသန်းမှု ပြုလုပ်ခဲ့ပြီးနောက် ဆီးရီးယားနှင့် ယူကရိန်းတို့ရှိ စစ်ဆင်ရေးများတွင် ရုရှားတပ်ဖွဲ့များက အသုံးပြုခဲ့ကြသည်။ အီသီယိုးပီးယား၏ ဝယ်ယူမှုသည် Orion-E ဒရုန်းစနစ်ကို နိုင်ငံခြားဝယ်ယူသူထံသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

လေ့လာဆန်းစစ်သူများ၏ အဆိုအရ ရုရှားတပ်ဖွဲ့များသည် Orion-E ဒရုန်းကို ကင်းထောက်ခြင်း၊ ပစ်မှတ်ရှာဖွေခြင်းနှင့် လမ်းညွှန်ခဲယမ်းများအသုံးပြု၍ တိုက်ခိုက်ရေးမစ်ရှင်များတွင် အသုံးပြုခဲ့ကြသည်။ စစ်ဘက်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ခုဖြစ်သည့် Oryx ၏ အတည်ပြုချက်အရ ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှား၏ Orion-E ဒရုန်းအနည်းဆုံး ကိုးစင်းဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အီသီယိုးပီးယားတွင် ခင်းကျင်းပြသခဲ့သော ဒရုန်းသည် Orion-E ၏ ကြေညာထားသော စွမ်းဆောင်ရည်များနှင့်အညီ ကင်းထောက်ခြင်း အခန်းကဏ္ဍနှင့် တိုက်ခိုက်ရေး အခန်းကဏ္ဍအတွက် ပြင်ဆင်ထားသည်။ ဤစနစ်သည် သတင်းအချက်အလက် စုဆောင်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း မစ်ရှင်များအတွက် အလင်းတန်းနှင့် အနီအောက်ရောင်ခြည် အာရုံခံကိရိယာများကို တပ်ဆင်ရန် ဒီဇိုင်းထုတ်ထားပြီး တိကျစွာ တိုက်ခိုက်နိုင်ရန်အတွက် ဝေဟင်မှမြေပြင်ပစ်တိကျပဲ့ထိန်း လက်နက်များကိုလည်း သယ်ဆောင်နိုင်သည်။ ရုရှားနိုင်ငံ၏ အရောင်းမြှင့်တင်ရေး စာရွက်စာတမ်းများတွင်မူ Orion-E ဒရုန်းသည် အမြင့်ပေ ၇၅၀၀ မီတာထိ ပျံသန်းနိုင်ပြီး သယ်ဆောင်သည့်လက်နက်ခဲယမ်း အလေးချိန်အပေါ်မူတည်ကာ ပျံသန်းချိန် ၂၄နာရီထက်ပိုနိုင်ကြောင်း သိရသည်။

Orion-E ဒရုန်းအမျိုးအစားများသည် အနောက်နိုင်ငံထုတ် MQ-1 Predator ဒရုန်းစနစ်များနှင့် ဆင်တူသည့်အခန်းကဏ္ဍတွင်ရှိနေပြီး ကာလရှည်ကြာ စောင့်ကြည့် ထောက်လှမ်းနိုင်စွမ်းနှင့် အကန့်အသတ်ဖြင့် တိုက်ခိုက်နိုင်စွမ်းတို့ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ရုရှားတပ်မတော်တွင်မူ ဤဒရုန်းများကို အမြောက်တပ်နှင့် ဒုံးကျည်တပ်ဖွဲ့များအတွက် ပစ်မှတ်ရှာဖွေပေးရန်နှင့် အသေးစား တိကျပဲ့ထိန်းခဲယမ်းများအသုံးပြု၍ တိုက်ရိုက်တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် အသုံးပြုခဲ့ကြောင်း သိရသည်။

Ethiopia buys Russian Orion-E reconnaissance and strike drones ကို ဘာသာပြန်ဆိုထားပါသည်။

ယူအေအီး SIRBAI ကုမ္ပဏီက AI အခြေပြု အုပ်စုလိုက်တိုက်ခိုက်ရေးနည်းပညာသုံးဒရုန်းကို ထုတ်ဖော်ပြသ

အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)အခြေစိုက် SIRBAI ကုမ္ပဏီသည် GPS လှိုင်းများ ဖြတ်တောက်ခံထားရသည့် ဝေဟင်တွင် စစ်ဆင်ရေးဆင်နွှဲနိုင်သော AI အခြေပြုအလိုအလျောက် အုပ်စုလိုက်တိုက်ခိုက်ရေး နည်းပညာသုံးဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Military AI သတင်းဌာနက ဧန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

UMEX 2026 ပြပွဲတွင် ပထမဆုံး အကြိမ် မိတ်ဆက်ခဲ့သည့် ဤဒရုန်းသည် ဆော့ဝဲကို အဓိကထားသည့် စနစ်ဖြစ်ပြီး နည်းပညာဖွံ့ဖြိုးမှုတွင် လိုက်လျောညီထွေရှိစေရန်၊ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် စစ်မြေပြင်တွင် အလွယ်တကူ တပ်ဖြန့်နိုင်ရန်အတွက် ကုမ္ပဏီက ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဤဒရုန်းသည် သေးငယ်သည့် နည်းဗျူဟာမြောက်ဒရုန်းများမှ အရွယ်အစားကြီးမားသော တိုက်ခိုက်ရေးဒရုန်းများထိ အမျိုးအစားစုံ လင်စွာတွင် တပ်ဆင်အသုံးပြုနိုင်ရန်ရည်ရွယ်သည်။

အထူးခြားဆုံးအချက်မှာ GPS လှိုင်းများမရရှိနိုင်သည့် အခြေအနေတွင်ပင် ဒရုန်းအချင်းချင်း ဟန်ချက်မပျက်ဘဲ ဆက်လက် ပူးပေါင်းစစ်ဆင်နိုင်ရန်အတွက် အခြားသောလမ်းညွှန်မှုစနစ်များကို အသုံးပြုထားခြင်းပင်ဖြစ်သည်။

SIRBAI ကုမ္ပဏီ၏ **Modular Design** (အစိတ်အပိုင်းအလိုက် ချိတ်ဆက်နိုင်သည့်ပုံစံ)သည် စစ်ဆင်ရေးစီမံကိန်းရေးဆွဲခြင်း၊ ကွပ်ကဲမှုစနစ်များနှင့် ဒရုန်းအုပ်စုလိုက်စစ်ဆင်မှုများကို မျက်နှာပြင်တစ်ခုတည်းအတွင်း၌ ပေါင်းစပ်ထားသည်။ ဤသို့ဆောင်ရွက်ခြင်းမှာ ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များကို လျှော့ချရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရမည့်အချိန်ကို တိုတောင်းစေရန်ရည်ရွယ်ခြင်းဖြစ်သည်။

AI အခြေပြု စစ်ဆင်ရေးစီမံကိန်းရေးဆွဲခြင်း၊ ဖြန့်ကြက်ထားသော ဆုံးဖြတ်ချက်ချမှတ်မှုစနစ်နှင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်မှုတို့ကို ပေါင်းစပ်လိုက်ခြင်းဖြင့် စစ်ဆင်ရေးအတွင်း အော်ပရေတာများ၏ လုပ်ငန်းဝန်ထုပ်ဝန်ပိုးကို များစွာသက်သာစေရန် SIRBAI သည် ဤစနစ်ကိုထောက်လှမ်းရေးလုပ်ငန်းများ၊ တပ်ဖွဲ့ဝင်များအားကာကွယ်ရေးနှင့် လူသားနှင့်စက်ရုပ် ပူးပေါင်းစစ်ဆင်ရေးကဲ့သို့သော ကာကွယ်ရေးဆိုင်ရာလုပ်ငန်းတာဝန်များအတွက် အလိုအလျောက် ဒရုန်းအုပ်စုလိုက်စစ်ဆင်နိုင်သည့် အဆင့်မြင့်နည်းလမ်းတစ်ခုအဖြစ် ပုံဖော်ထားကြောင်း သိရသည်။

SIRBAI ကုမ္ပဏီသည် အရှေ့အလယ်ပိုင်းဒေသတွင် AI အခြေပြု အလိုအလျောက် ဒရုန်းအုပ်စုလိုက် စစ်ဆင်ရေးစွမ်းရည်ကို လက်တွေ့စစ်မြေပြင်တွင် အသုံးပြုနိုင်ရန်ဆောင်ရွက်သည့် ပထမဦးဆုံးသောကုမ္ပဏီအဖြစ် ရပ်တည်လာခဲ့သည်။ ဤသည်မှာ ဒရုန်းအုပ်စုလိုက်စစ်ဆင်ရေးများကို ပိုမိုအာရုံစိုက်လာသည့် ကမ္ဘာ့ကာကွယ်ရေး စျေးကွက်အတွင်းသို့ ခိုင်မာစွာခြေလှမ်း လှမ်းလိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ဤနည်းပညာသုံးဒရုန်းများသည် အဘူဒါဘီရှိမှ အစပြုခဲ့သော သုတေသနလုပ်ငန်းများအပါအဝင် အဆင့်မြင့်သုတေသနရလဒ်များကို အခြေခံ၍တည်ဆောက်ထားခြင်းဖြစ်သည်ဟု သိရှိရသည်။

"SIRBAI ရဲ့ ဒရုန်းအုပ်စုလိုက်တိုက်ခိုက်ရေးနည်းပညာဟာ ဒီဒေသရဲ့ ကာကွယ်ရေး နည်းပညာဂေဟာစနစ်အတွက် အလွန်အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ အဆင့်မြင့် AI နည်းပညာကို အလိုအလျောက် ဒရုန်းစစ်ဆင်ရေးတွေနဲ့ ပေါင်းစပ်လိုက်ခြင်းအားဖြင့် SIRBAI ဟာ အော်ပရေတာကိုဗဟိုပြုတဲ့ ကြံ့ကြံ့ခံနိုင်ရည်ရှိတဲ့ စစ်ဆင်ရေးစနစ်တွေအတွက် စံနှုန်းသစ်တစ်ခုကို သတ်မှတ်ပေးနိုင်လိုက်တာဖြစ်ပါတယ်"ဟု TII ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dr. Najwa Aaraj က ပြောကြားခဲ့ကြောင်း သိရသည်။

UAE Firm Rolls Out Middle East's 'First AI-Powered Drone Swarm Tech' ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မြန်မာ့ပန်းပုအကြောင်း သိကောင်းစရာ

ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာလူမျိုးတို့၏ ပန်းဆယ်မျိုးအတတ်ပညာတွင် ပန်းပုပညာလည်းတစ်ခုအပါအဝင်ဖြစ်သည်။ အနုပညာတစ်ရပ်ရပ်ကို တက်မြောက်ဖို့ရန် စနစ်တကျ လေ့လာသင်ယူရသည်။ ထိုသို့သင်ယူရာတွင်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယရှိရန်လိုသည်။ သို့မှသာ စနစ်ကျသောအနုပညာတစ်ရပ်ကို ရရှိနိုင်ပေမည်။ စနစ်ကျသော အနုပညာရပ်တစ်ခုကိုရရှိမှသာ စနစ်ကျသော အနုပညာတစ်ခုကို ဖန်တီးနိုင်ပေလိမ့်မည်။ ပန်းပုပညာသည်လည်း အနုပညာတစ်မျိုးဖြစ်သည်။ ထို့ကြောင့် အနုပညာဟူသော စကားကို ပန်းပုပညာဟူသောစကားနှင့်တွဲ၍ ပန်းပုအနုပညာဟုခေါ်ဝေါ်ခြင်းဖြစ်သည်။

ပန်းပုအဓိပ္ပာယ်

ပန်းပုဆိုသည်မှာ သစ်သားကိုလည်းကောင်း၊ ဆင်စွယ်ကိုလည်းကောင်း လူရုပ်များ၊ ပန်းများ၊ တိရစ္ဆာန်အရုပ်များ၊ ခြူးပန်းခြူးနွယ်များ၊ အလှပန်းခက်များထုလုပ်သောလုပ်ငန်း သို့မဟုတ် အနုပညာတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်တွင် သစ်သား၊ ဆင်စွယ်အပြင် ဖယောင်းဖြင့်လည်းကောင်း၊ ပလတ်စတစ်ဖြင့်လည်းကောင်းပြုလုပ်ကြသည်။ ထို့ပြင် ပန်းပုဟူရာတွင် သစ်သား၊ ဆင်စွယ်၊ ဖယောင်း၊ ပလတ်စတစ်အပြင် ကနုကမာ၊ လိပ်ခွံတို့ကိုလည်းကောင်း၊ ပယင်း၊ မဟူရာ၊ ကျောက်စိမ်းတို့ကိုလည်းကောင်း၊ စိန်၊ နီလာ၊ ပတ္တမြား စသည့်ကျောက်မျက်တို့ကိုလည်းကောင်း ပန်းပုံ၊ ရုပ်ပုံ၊ ပန်းကြွ၊ ရုပ်ကြွ၊ ပန်းလုံး၊ ရုပ်လုံးဖြစ်အောင်ထုလုပ်သောလုပ်ငန်း၊ ထုလုပ်သူဖြစ်သည်ကို သတိမူရ၏ဟု ဦးဖိုးလတ်၏ မြန်မာစာအဖွင့်ကျမ်း၌ ဖော်ပြထားသည်။ပန်းပုဟူသောစကားတွင် ပန်းနှင့်ပုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ပန်းဟူသောစကားသည် ပွင့်ဖတ်၊ ပွင့်ချပ်၊ အနွယ်အခက်တို့ဖြင့် တင့်တယ်လှပခြင်းသဘောဟုဆိုရပေမည်။ တစ်နည်းအားဖြင့် ဆိုရသော် လှပတင့်တယ်၍ ရှုချင်စဖွယ်ကောင်းသော အရာဟုလည်းဆိုနိုင်သည်။

ပန်းပုသမိုင်း

ပန်းပုအနုပညာသည် ရှေးယခင်ကပင် မြန်မာလူမျိုးတို့နှစ်သက်မြတ်နိုးသော ပညာရပ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပန်းဆယ်မျိုးအပါအဝင် ပန်းပုပညာရပ်သည် ပုဂံခေတ်ကတည်းက ထွန်းကားခဲ့သည်။ အကြောင်းမှာ ပုဂံအာနန္ဒာဘုရားတွင် ကျောက်ရုပ်တုများကို မြန်မာဆန်ဆန် ပန်းပုလက်ရာများဖြင့် တွေ့မြင်ရခြင်းကြောင့် အနော်ရထာမင်းလက်ထက်ကပင် ပန်းပုအတတ်ပညာထွန်းကားခဲ့ပြီဖြစ်၍ ထိုပညာသည် ပုဂံခေတ်ထက်ရှေးကျသော ခေတ်ကဆင်းသက်လာသည်ဟု ကောက်ချက်ချနိုင်သောကြောင့်ဖြစ်သည်။

မြန်မာ့ပန်းပုအနုပညာသည် ခေတ်အဆက်ဆက်မှယနေ့ထိ တည်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် မြန်မာ့ပန်းဆယ်မျိုးအတတ်သည် ပုဂံခေတ်၌ ပိုမိုတွင်ကျယ်ခေတ်စားခဲ့သည်ဟုဆိုရပေမည်။ ပုဂံခေတ် ပန်းတမော့ပညာ၊ ပန်းချီပညာအပြင် ပန်းပုပညာကို ယခုတိုင်တွေ့နိုင်သည်။ ထို့ပြင်အခြားပန်းပုအနုပညာ လက်ရာမြောက်များစွာကိုလည်း တွေ့နိုင်သည်။ ထိုအနုပညာလက်ရာများက မြန်မာလူမျိုးတို့၏ အနုပညာယဉ်ကျေးမှု အဆင့်အတန်းမြင့်မားကြောင်း သက်သေခံနေသည်။ ရှေးခေတ် ပုဂံပြည်၏ ပန်းပုအနုပညာအကြောင်းကို ရှေးဟောင်းပုဂံကျောက်စာများအရသိရသည်။

မြန်မာ့ပန်းပုလက်မှုအနုပညာ

မြန်မာ့ပန်းပုအနုပညာသည် ရှေးခေတ်ကဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများ၌သာ အများဆုံးတွေ့ရလေ့ရှိသည်။ ထို့ပြင် ဘုရင်မင်းမြတ်တို့၏ အသုံးအဆောင်များနှင့် လေးစားအပ်သောသူများကို အမှတ်တရကိုးကွယ်ရာ၌လည်း ပန်းပုလက်မှု အနုပညာကိုတွေ့ရလေ့ရှိသည်။ ပန်းပုပညာသည် ပန်းချီပညာနှင့် ဆက်စပ်လျက်ရှိသည်။ ဥပမာ လူတစ်ဦးကို ပုံတူဆွဲမည်ဆိုပါက လူဆွဲနည်းအချို့အတိုင်း သို့မဟုတ် နည်းစနစ်အတိုင်းရေးဆွဲရသည်။ ထို့နည်းတူပင် ပန်းပုသည်လည်း ထုလုပ်မည့်လူရုပ် သို့မဟုတ် အခြားအရုပ်များကို ပုံစံတူအသက်ဝင်အောင် သူ့အချိုးအစားအတိုင်း ထုလုပ်ရသည်။ ထို့ကြောင့် ပန်းချီအနုပညာနှင့် ပန်းပုအနုပညာသည် ဆက်စပ်မှုရှိခြင်းဖြစ်သည်။

ယခုအခါ ပုဂံခေတ်ပန်းပုအနုပညာလက်ရာများကို ပုဂံ၌တွေ့နိုင်သည်။ အနည်းငယ်မျှကျန်ရှိနေ

> **❖ မြန်မာ့ပန်းပုအနုပညာသည် ခေတ်အဆက်ဆက်မှ ယနေ့ထိ တည်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် မြန်မာ့ပန်းဆယ်မျိုးအတတ်သည် ပုဂံခေတ်၌ ပိုမိုတွင်ကျယ်ခေတ်စားခဲ့သည်ဟုဆိုရပေမည်။ ပုဂံခေတ်ပန်းတမော့ပညာ၊ ပန်းချီပညာအပြင် ပန်းပုပညာကို ယခုတိုင်တွေ့နိုင်သည်။ ထို့ပြင် အခြားပန်းပုအနုပညာလက်ရာမြောက်များစွာကိုလည်း တွေ့နိုင်သည်။ ထိုအနုပညာလက်ရာများက မြန်မာလူမျိုးတို့၏ အနုပညာယဉ်ကျေးမှု အဆင့်အတန်းမြင့်မားကြောင်း သက်သေခံနေသည်။ ❖**

ပါသေးသည်။ ထိုပန်းပုအနုပညာလက်ရာများမှာ (၁)ညောင်ဦးမြို့ရွှေစည်းခုံဘုရား မြောက်ကြေးကူ တိုက်တံခါးရွက်ကြီးနှစ်ခု၌ ပန်းလက်ယှက်၍ ဗဟို တွင် ကချေသည်နှင့်တူရိယာကို ထုထားသည့် ကချေသည်နှင့် တူရိယာအမျိုးမျိုးတို့၏ ပုံများ၊ (၂) မြင်းကပါရွာတောင် နဂါးရုံဘုရားအာရုံခံအဝင်ခုံးကို ထိန်းထားသော တံခါးအခက်ဘောင်၊ မှန်ကူးကွက်ပန်းပုံအတွင်း ကနေသူပုံ၊ (၃) နဂါးရုံဘုရား၏ ဂန္ဓကုဋီ အဝင်ခုံးကို ထိန်းထားသောသစ်သားဘောင်ကြီးများ၊ ပန်းပုံများ၊ (၄) ပုဂံပြတိုက်ရှိ မြတ်စွာဘုရားသက်သနဂိုရ်ပြည်သို့သက်ဆင်းပုံ ရုပ်ဝဂ်ဖော်နံရံကပ်ပုံ၊ (၅) ပုဂံပြတိုက်ရှိ အဆောင်အယောင်၊ သတ္တဝါများဖြစ်သော ဆင်၊ ဗျာလနှင့်မကန်းတို့ တစ်ကောင်၏ နောက်ပိုင်းကို တစ်ကောင်ကကိုက်၍ ကစားနေဟန်တို့ဖြစ်သည်။ အဆိုပါပန်းပုလက်ရာများအနက် အမှတ်စဉ် ၁၂၊ ၃ တို့မှာ ကျန်စစ်သားမင်းကြီးလက်ထက် လွန်ခဲ့သော နှစ်ပေါင်း ၈၇၀ ကျော်က ပန်းပုအနုပညာလက်ရာများဖြစ်သည်။

ပန်းပုထုလုပ်ရာတွင် ရှေးခေတ်က သစ်သား၊ ဆင်စွယ်၊ ကနုကမာ၊ လိပ်ခွံစသည်တို့ဖြင့် ထုလုပ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကျောက်စိမ်း၊ နီလာ အစရှိသည့်ကျောက်အမျိုးမျိုးဖြင့် ထုလုပ်ခဲ့ကြပြန်သည်။ ပန်းပုလုပ်ငန်းတွင် ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွဟူ၍သဏ္ဌာန်သုံးမျိုးရှိသည်။ ရုပ်လုံးဟူသည် လေးဖက်မြင်ထုလုပ်ခြင်းဖြစ်သည်။ ရုပ်ခုံးဟူသည် မျက်နှာစာတစ်ခုသာလျှင်ပေါ်စေသည်။ အထူးသဖြင့် တစ်ဖက်မြင်ဖောင်းကြွပုံများဖြစ်သည်။ ရုပ်ကြွဟူသည် နောက်မီအခြေကိုကပ်၍ ထုလုပ်ရသောပုံမျိုးဖြစ်သည်။ ဥပမာ နောက်ခံသစ်သားပေါ်တွင် ကြွတက်နေအောင်ထွင်းထုထားသော ပုံမျိုးကိုဆိုလိုသည်။ ထိုကဲ့သို့ ထုလုပ်ထားသော အရုပ်မျိုးကို ရုပ်ကြွဟုခေါ်သည်။ အထူးသဖြင့်ရုပ်ကြွသည် ရုပ်လုံးသီးခြားမဟုတ်ဘဲ အခြားအတွယ်အကပ်များနှင့် ရုပ်ခုံးကဲ့သို့ တွယ်ကပ်ထုလုပ်ရသည်။ တချို့သော ပန်းပုလက်ရာများမှာ အလွန်အနုစိတ်လှသည်။ ကနုတ်ခြူးနွယ်လေးထပ်ပန်း၊ သုံးထပ်ပန်း၊ နှစ်ထပ်ပန်းစသည်တို့ကို ထုလုပ်ရာတွင် အလွန်လက်ဝင်လှသည်။ အတွင်းသို့ နှိုက်ကွေ့၍လည်းကောင်း၊ ထိုးဖောက်၍လည်းကောင်း အနုစိတ်ထွင်းထုရသည်။

ရှေးခေတ်ပန်းပုပညာရှင်များ

မြန်မာနိုင်ငံတွင် ရှေးခေတ်မှစ၍ ယနေ့ချိန်ထိ ပန်းပုပညာရှင်များစွာရှိခဲ့သည်။ သီပေါမင်း မိဖုရားစုဖုရားလတ်၏ ကောင်းမှုတော်ဖြစ်သော မြတောင်ကျောင်းတိုက်ကြီးတွင်လည်း ပန်းပုရုပ်များ ရှိသည်။ ထိုပန်းပုရုပ်များကို ဦးဆောင်ထုလုပ်သူမှာ ယူဆကြသည်။ ထိုကျောင်း၌ ဝေဿန္တရာဇာတ်၊ ဝိမူရဇာတ်နှင့်ဘူရိဒတ်ဇာတ်အပြင် လူပျံရုပ်ကလေးများကိုပါ ထုလုပ်ထားသည်ကိုတွေ့မြင်နိုင်သည်။ နောက်ထပ်ရုပ်စုံကျောင်းမှာ အာကာသကျရုပ်စုံကျောင်းဖြစ်သည်။ စစ်ကိုင်းတောင်ရိုး အာကာသကျချောင်တွင်ရှိသည်။ ကုန်းဘောင်ခေတ်နောက်ပိုင်း သို့မဟုတ် ရတနာပုံခေတ်တွင် ဆောက်လုပ်ထားသည်ဟုဆိုသည်။ ကျောက်ကုန်သည် ဦးမှတ်ကလေးက ဆောက်လုပ်ခဲ့သည်ဟုသိရသည်။ အရိယဝံသကျောင်းကဲ့သို့ တစ်ပါးနေကျောင်းငယ်လေးဖြစ်သည်။ တစ်ကျောင်းလုံးကို အပြောက်အမွမ်းပန်းပုများဖြင့် မွမ်းမံထားသည်။ ကျောင်းဆောင်ပတ်လည်လက်ရန်းတွင် ထုလုပ်ထားသောအရုပ်များမှာ ဟန်အမျိုးမျိုးနှင့်ဇော်ဂျီရုပ်များဖြစ်သည်။ ယခုအခါ ထိုကျောင်းနှင့်အရုပ်များကို မတွေ့နိုင်တော့ဟု သိရသည်။

စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်းတွင်မူ ဝရန်တာပတ်လည် လက်ရန်းများကို ပန်းကနုတ်များဖြင့်မွမ်းမံထားပြီး အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မျက်နှာရှိတိုင်ထောင်များတွင် ဝိဓရဇာတ်တော်လာဇာတ်ကွက်ရုပ်တုများကို လက်ရာမြောက်စွာ ထုလုပ်ထားသည်။ မြောက်ဘက်ဝရန်တာလက်ရန်းတွင် ထိုခေတ်ကလူနေမှုပုံစံ၊ လူနေမှုဘဝသရုပ်ဖော်ပုံဖြစ်သည့် အိုးစည်တီးဟန်၊ တံမြက်စည်းလည်းကျင်းနေပုံတို့ကိုထုလုပ်ထားသည်။ ပန်းပုလက်ရာမျိုးစုံတည်ရှိသည့် နောက်ထပ်ရုပ်စုံကျောင်းတစ်ကျောင်းမှာ စလေရုပ်စုံကျောင်းဖြစ်သည်။ စလေရုပ်စုံကျောင်း၌ ထုလုပ်ထားသောပန်းပုလက်ရာများမှာ ဓမ္မပဒကျမ်းပါ ပဝဂ်လာသိကြားမင်းနှင့်တံခါးစောင့်ဇာတ်ရုပ်၊ ပဋ္ဌာစာရီဇာတ်ရုပ်၊ ရေဝတဇာတ်ရုပ်၊ ဘူရိဒတ်ဇာတ်တော်မှ မင်းသားနှင့် နဂါးမရုပ်၊ မဟာဝါဏိဇဇာတ်တော်မှ လှည်းကုန်သည်နှင့်နဂါးမင်းရုပ်၊ ပဏ္ဏာသနိပါတ်တော်မှ သီဝိမင်းနှင့် ဥမ္မာဒန္တီရုပ်တို့အပြင် အခြားရုပ်တုများလည်းရှိသည်။ စလေရုပ်စုံကျောင်းတွင်ထုလုပ်ထားသောရုပ်တုများ အနက် ဇာတ်တော်လာရုပ်တု ၃၆ ရုပ်ရှိကြောင်းနှင့် စုစုပေါင်းရုပ်တု ၄၅ ခုရှိကြောင်း သိရသည်။ အထက်ဖော်ပြပါကျောင်းများကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ပန်းပုအနုပညာလက်ရာ အဆင့်အတန်းကို ခန့်မှန်းနိုင်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ပန်းပုအနုပညာသည်ရှေးခေတ်မှ ယခုအချိန်ထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ်တည်ရှိနေသည်။ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများဆိုလျှင် ပန်းပုလက်ရာများဖြင့် အံ့မခန်းတည်ဆောက်ထားသည်ကို ယနေ့တိုင် တွေ့နိုင်ပါသေးသည်။ ဥပမာ စလေရုပ်စုံကျောင်းကဲ့သို့ကျောင်းမျိုးဖြစ်သည်။ ပန်းပုပညာသည် စာရေးသူတို့ မြန်မာလူမျိုးတို့၏ လက်မှုအနုပညာမည်မျှအဆင့်အတန်းမြင့်မားကြောင်း ဖော်ပြနေသည်။ တိမ်မယောင်နှင့်နက်သော ပညာရပ်မျိုးဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့နိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့် မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သော ပန်းပုလက်မှုအနုပညာနှင့် ရှိပြီးလက်မှုပစ္စည်းပန်းပုရုပ်များကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **မြန်မာ့ကနုတ်ပုံအရုပ်စုံအနုလက်ရာများ – မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)။**
- **ပုဂံခေတ်ဗိသုကာနှင့်အနုပညာများပေါ်ပေါက်တိုးတက်ပြောင်းလဲလာပုံ – ဗိုလ်မှူးဘရှင်း။**
- **မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း – ဒဂုန်နတ်ရှင်။**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing visits voters casting ballots at the phase 3 of the 2025 Multiparty Democracy General Election of the Republic of Union of Myanmar at the relevant polling stations

Senior General Min Aung Hlaing converses with a voter in Ohnchaw Village Tract, Patheingyi Township.

Senior General Min Aung Hlaing converses with voters at the polling station of Mingala Thiri Stadium.

Nay Pyi Taw January 25

Elections are the most important part of democracy, and the voters will have to choose and shape the future path of the nation by using their voting right, which is included in the rights of citizens.

The phase 3 of the 2025 Multiparty Democracy General Election of the Republic of Union of Myanmar began at 6 am today at the relevant townships, and the people in large bodies were seen actively casting votes according to their free will at the respective polling stations as good citizens in a disciplined manner, without facing any pressure.

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Secretary General Ye Win Oo and members of the entourage, visited the polling stations in Mandalay Region and cordially conversed with the voters.

During the visit, the Senior General observed the polling station officials checking the voter lists with computers at the booths in Patheingyi Township and the people ardently casting ballots there. He cordially met with voters and asked their views on MEVMs and voting process and on the polling station staff. He then warmly greeted the voters.

Voters on their part also expressed pleasure and pride for the Senior General's visit to the polling stations and the encouragement he gave to them, and extended warm and cordial greetings back to the Senior General and party. They also cordially described their experiences in casting votes at the elections. Regarding their experiences and sentiment toward voting, they declared that they came there and cast votes of their own accord. They said that thanks to the MEVMs the voting process had become more convenient and swifter and the screen correctly showed the person they had voted for. Moreover, the occurrence of any kind of malpractices including vote stealing, vote rigging and election fraud were totally impossible, they expressed belief, adding that the whole voting process was user friendly.

While visiting the polling stations and encouraging the voters, the Senior General also answered the questions raised by the internal and external media gathering news there. The full text of the interview is as follows:

Q: Today is the last day of the election, so what are your expectations for the future of Myanmar?

A: Myanmar has already set an aim of adopting a multiparty democratic system chosen by the people. We will follow this path (to multiparty democracy) as it is the choice of the people. It is not chosen by us, but by the people. We are a part of the people, and we are in favour of this path. So, it is clear that the country will proceed with a multi-party democratic system. It is also our future path.

Q: Some say that the USDP that supports the Tatmadaw will win (the election). Justifying that, some UN experts are advocating against acknowledging the election. Your comment on this matter, please.

A: The ones who are casting votes are the people of Myanmar, and not the foreigners. In fact, voters are the people living in Myanmar. They can vote whoever they favour. Voters come and cast ballots, because candidates include the ones they support. If there is no one to support, they will not go to the polls. There are two reasons behind the failure to cast votes. One reason is that there is no candidate they are in favour of and the other is safety. Because of the safety reason, some will find it hard to reach the polling station. Normally, people go to the polls because there is a candidate in their favour. There is the USDP, as you have just mentioned, and other parties such as PPP and Kya Byu (White tiger). The election involves multiple parties. In this regard, we had issued the voter lists. They voted freely, didn't they? External recognition (of the election) is not in our interest. What we recognize is the votes cast by our people, and it is our goal.

Senior General Min Aung Hlaing answers questions raised by internal and external media.

Q: Are you going to take part in the succeeding government?

A: I can't say anything about it yet. There will be the Hluttaw that also has its election methods.

Q: It is the final day, so what's your message for the new government?

A: It should work for the good of the country. Whatever government comes, the important thing is the betterment of the country. a government has the duty to serve the nation's interest, develop the country, ensure national peace and tranquility, and enable the country to stand shoulder to shoulder with the global counterparts. We all must try to achieve this. People's involvement is also needed. The government's leadership alone is not adequate for the matter. The government must have the plan, but public participation is a must. The government must organize the people as their involvement is a must.

See Page 13

Chairman of the State Security and Peace Commission and Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Mandalay Station of Central Command

Senior General Min Aung Hlaing meets officers, other ranks and families of Mandalay Station.

Nay Pyi Taw January 25

Chairman of the State Security and Peace Commission and Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Mandalay Station at Yan Aung Myin Hall of the Central Command Headquarters this morning.

Also present together with the Senior General and his wife at the meeting were Commission Secretary General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the commander of Central Command, officials, and officers, other ranks and families of Mandalay Station.

Successful conducting of 2025 multiparty democratic general election

During this meeting, the Senior General noted that Phases I and II of the 2025 Multiparty Democratic General Election were successfully conducted, and Phase III is currently being held. Within Mandalay Region, the ongoing Phase III election was personally observed, and it was seen that voters were actively and enthusiastically casting their ballots. Among them, many young people and middle-aged citizens were participating. It was also noted that in Phases I and II,approximately 55 per cent of the population cast their votes, indicating that the election can be considered successful, and a high level of public interest in the election was observed.

In the 2010 general election for all parties in the country, the Union Solidarity and Development Party won. Later, in the 2015 general election for all parties, the NLD party won. Therefore, over consecutive terms of multiparty democratic governments, citizens have gained sufficient experience in casting their votes. In the 2020 general election, however, widespread electoral fraud occurred, which required us to carry out the responsibilities of the State in accordance with the 2008 Constitution. In line with the principle that people keep their promises and leaders act with integrity, we implemented a five-step process to ensure that a truly orderly, free, and fair election could be conducted. The Myanmar Electronic Voting Machine (MEVM) was employed to prevent any occurrences of electoral fraud. The goal was to ensure an election free from fraud and honourable, producing outcomes that genuinely reflect the will of the voters.

Individuals who have reached the age of 18 are eligible to vote under the Constitution. As the State Government, arrangements have been made to ensure that all eligible voters can cast their ballots, and whether to vote or not remains the voters' own right. In some countries, voter turnout is low during elections. In the election we are conducting, however, more than half of eligible voters cast their ballots, which indicates that the election can be considered successful.

After the election, we will transfer the responsibilities of the State to the winning government. As our government, we have worked to ensure that the country can continue firmly along the path of multiparty democracy. We successfully conducted the 2025 general election for all parties, and election observation teams from the international community also visited to study the process, providing many positive remarks. The election we conducted was a successful one, and we express our sincere recognition and gratitude to all those who participated in ensuring its success.

When carrying out matters of national cause and politics, it is necessary to work with strength, determination, and effort. As a country, we have granted parties the right to organize in accordance with established rules and regulations so that elections can be held. In the elections, just as there are major parties competing nationwide, there are also parties competing at the regional level.

The role of Tatmadaw

Tatmadaw is the most stable institution in the country and has existed continuously from the time independence was achieved up to the present. Regardless of how political parties or organizations have changed in the country, Tatmadaw continues to faithfully carry out its responsibilities for national defense and security. The primary duty of Tatmadaw is to safeguard the country from external threats and maintain internal security. However, since independence, due to the emergence of armed conflicts, Tatmadaw has continuously conducted counter-insurgency operations over the years. While maintaining internal security is primarily the responsibility of the Myanmar Police Force, Tatmadaw participates in these operations as needed and continues to assist in strengthening the capabilities of the Myanmar Police Force.

To protect the country from external threats, Tatmadaw must continuously enhance its capabilities and capacities. As Tatmadaw members, they must maintain physical and mental health to carry out the duties entrusted to them effectively. Tatmadaw must be a capable force with combat skills and combat power. To achieve this level of capability, soldiers must be fully trained. Each Tatmadaw member must be healthy and strong, possess fighting skills, have police competence, and be proficient in military strategies and weapons. Preparations must also be made in advance at both the individual and unit levels to ensure readiness for combat operations.

When serving their duties, they have to combine luck, intelligence, and effort in order to perform responsibilities effectively. If good work is done, good results will be experienced; if bad work is done, negative consequences will follow. Military skills taught to soldiers must be applied wisely and proficiently. Each Tatmadaw member must carry out their duties diligently and with excellence; by doing so, individual capabilities will improve, and the responsibilities of national defense can be fulfilled effectively. To maintain a capable and strong Tatmadaw, the armed forces continuously provide Tatmadaw members with military equipment and supplies that evolve daily in line with modern technology. To ensure a capable military, individual soldiers and units must maintain physical fitness, combat readiness, policing skills, and proficiency in military strategies and weapons, with continuous training. Similarly, military techniques and strategies, which evolve daily, must be applied appropriately to match current times. If a capable and strong Tatmadaw is built, no one will be able to undermine the nation. Therefore, efforts to maintain and continuously strengthen a capable and powerful Tatmadaw must always continue.

He stated that, at present, female service members in Tatmadaw are serving alongside men in fulfilling national defense and security duties. According to the 2024 population and housing census data, the female population in our country is found to be larger. Therefore, thelabor force of women in the State is substantial. Dependents of Tatmadaw families should live and work together in unity, fostering a spirit of brothers and Sis. If the strength of soldiers and female service members is combined, it will be seen that the State's defense force is greatly strengthened and fortified, and it is necessary to value and work with the power of collective unity.

Then, he stated that officers and soldiers must also study science and technology, which are advancing in line with the times. To gain general knowledge, broaden perspectives,

See Page 13

Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing and wife Daw Kyu Kyu Hla visit and inquire about the health of the presiding Nayaka of Maha Wizitayon Monastery in Mandalay and provide necessary assistance

Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the presiding Nayaka of Maha Wizitayon Monastery inMandalay.

Nay Pyi Taw January 25

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, accompanied by Commission Secretary General Ye Win Oo and his wife, and senior military officers from the Office of the Commander-in-Chief, visited the Maha Wizitayon Monastery in Mandalay this afternoon to pay their respects to the State Ovadacariya presiding Nayaka Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Agga Maha Pandita Bhaddanta Vicarinda Bhivamsa, who is 98-year-old, Vasa 78.

First, the Senior General and wife, and party paid their respects to the Sayadaw, inquired about his health and the progress and spread of the religion, and provided necessary assistance.

Afterwards, the Senior General and wife presented the Sayadaw with charitable items, medicines, nutritious food, and money from the Navakamma charity, and instructed those responsible to constantly meet the Sayadaw's health needs. 100

From Page 11

Although we are demanding democracy, it cannot be possible without the people. Their involvement is required as it is vital.

Q: There were a lot of difficulties, and it is the final day. So, what's your message for the international community and the Myanmar people?

A: People should strive for the country's betterment. They should have a broader view, and that is what I wish to say. Myanmar's true condition should be known internationally. Nearly all the foreigners who are visiting Myanmar are aware of the huge difference between the hearsay and what they have heard with their own ears and seen with their own eyes. What I mean is the country is facing the consequences of rumors and acts of some media. But we also have many opportunities and if we can use them well the nation will develop.

Q: Can there be a government that is like the U Thein Seinled administration in 2010? The USDP government assumed the duties in 2010 and won a considerable amount of public favour. Can the government that will be formed in 202 expect a similar situation?

A: It depends on the condition and environment in which the winning party can render cooperation. Right? The administration led by President U Thein Sein actually did what they could. But there was opposition. If the opposition followed the way towards national progress, the situation would be different. But if the opposition was in the negative trend, difficulties would increase for any government.

Q: Challenges will not be the same. The landscape then was quite good. But the present landscape is rather chaotic. Might it be more difficult to control a situation like this?

A: (The landscape) is chaotic as it lacks peace and stability. It may be true, but there should be a broader view. The country should have a broader view, as I have previously mentioned.

100

From Page 12

and improve individual socio-economic lives, it is necessary to engage in reading and studying literature. Through reading and study, individual capabilities can be enhanced, and efforts must be made to improve the prowess of the entire Tatmadaw through these individual capabilities.Similarly, it is necessary to read literature to correctly perceive, view, and analyze the historical background of the State. One must also study the history of Tatmadaw's participation in the national political role and its successive activities for national stability and the rule of law. The histories of the great national leaders who led the State should also be studied. By reading and studying the history of our country in this way, one will correctly understand and realize the performance of Tatmadaw's duties.

Also, he stated that during his tenure in state service, he increased allowances and risk pay for Tatmadaw personnel, members of the Myanmar Police Force, and members of the Myanmar Fire Brigade. He added that necessary measures are being taken to ensure the convenience of Tatmadaw families regarding housing, food, and clothing. As a leader of Tatmadaw, he stated that he constantly considers how to promote the organization and the personnel under his command and has made necessary arrangements. He remarked that as Tatmadaw is responsible for defending the State against any potential threats or dangers, efforts must continue to build a capable and powerful military. He then inquired about the needs of the officers and other ranks.

Afterwards, the Senior General presented foodstuff for officers, other ranks, and families, which was accepted by the Command Commander. The wife of the Senior General presented honorary awards for the Station Maternal and Child Welfare Association, which were accepted by the Command Commander's wife.

After the meeting, the Senior General, his wife, and members cordially greeted the officers, other ranks, and families in attendance.

100

Farmers grow more than 30,000 acres of sunflower in Sagaing Township

Sagaing January 25

Statistics of Sagaing Township Agriculture Department stated that local farmers planted 31,339 acres of winter sunflower in the township.

During the 2025-2026 winter crop cultivation season, Sagaing Township in Sagaing Region earmarked 31,337 acres for sunflower cultivation. Planting began in October 2025, and as of now, a total of 31,339 acres have been successfully cultivated.

"During the winter cropping season in Sagaing Township, sunflower cultivation was planned on 31,337 acres, and to date we have been able to cultivate 31,339 acres. In order to reduce reliance on imported palm oil, we will continue to expand the cultivation of sunflower, which is an oilseed crop. Among oilseed crops, sunflower produces a higher oil yield per acre than groundnut and sesame. Sunflower is mainly cultivated during the winter season," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

To promote the expansion of sunflower cultivation in Sagaing Township, the Township Department of Agriculture is intensifying training and awareness programs. Training courses are being conducted at an accelerated pace to enhance the capacity of both departmental staff and farmers who will cultivate sunflower.

In Sagaing Township, plans are also in place to provide sunflower farmers with seed supplies, to sell urea fertilizer at affordable prices, and to distribute harvested sunflower seeds through farmer-to-farmer exchange systems. 206

A sunflower plantation.

Acting President of Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing gives instructions on urban development and pleasantness in Mandalay

Senior General Min Aung Hlaing gives instructions on urban development and pleasantness in Mandalay.

Nay Pyi Taw January 25

Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing met with ministers of the Mandalay Region Government and officials from the City Development Committee and gave necessary instructions on urban development, cleanliness and pleasantness this afternoon.

Also present were Secretary of the Commission General Ye Win Oo, Chief Minister of Mandalay Region U Myo Aung, senior military officers from the Office of Commander-in-Chief, responsible officers from the Mandalay City Development Committee.

In delivering an address at the meeting, the Senior General said he inspected the Phase-3 of the multi-party democracy 2025 and it was found that public voters, including youths and middle-aged people, had cast their votes tumultuously. It was an interesting and good symbol to see that youths were interested in the election. In doing so, it was found that roads, streets and urban areas were clean and pleasant and he gladly appreciated the responsibility and abidance of discipline of the residents. As the phase-1, and phase-2 and phase-three of the election were successfully held, there would be a new government at the end of March. During the time before the new government was formed, tasks for pleasantness and development of Mandalay must be carried out without losing momentum.

It is necessary to carry out post-earth rehabilitation tasks. Everybody was urged to continue to prioritize possible tasks for the pleasantness of the city during the two months transition period. It was important to carry out tasks to redraw centre lines of roads and road direction sign boards, which could be completed within a short time. It was necessary to clear sand, earth and rubbish that had covered traffic islands and pavements. In carrying out tasks for cleanliness and maintenance of roads, it was necessary to wash them before drawing lines on them. Maintenance of pavements and proper drainage must be carried out.

It was also necessary to measure the air pollution of the city and steps must be taken to address the issue. It was recognized that tasks for cleanliness of schools had been carried out. It showed the abidence or principles by teachers and students. In connection with education, it is important to enhance the teaching capabilities of teachers by conducting courses. As for students, it is necessary to prepare to conduct courses on culture, English, basic computer skills and other beneficial courses during summer holidays. The Tatmadaw had been conducting navigation and aviation youths training courses (basic and advanced) annually.

In education, discussions were being made to upgrade education degree colleges to education universities that nurtured teachers. It was a measure to offer benefits according to their degree levels and academic qualifications. To raise the education standards of the country, it was necessary to enhance the qualification of the education staff, who were responsible for teaching, at first. In our country, as most students are relying on government schools, it is necessary to enhance the qualification of education staff. it was essential to nurture educated human resources to build a future developed country, education was being promoted.

As the Mandalay region mainly produced oil crops, it was necessary to place emphasis on high yield. Domestic production was being encouraged and a good domestic economy would enhance supply and demand, leading to the benefits of increasing money circulation and creating job opportunities. It was necessary to form a committee to properly improve the yield of oil crops and pulses and beans, which thrived in the region. It was also vital for industrial zones to encourage MSMEs. As the country encouraged MSMEs, the economy of the country returned positive. As MSMEs were the lifeblood of developing countries, production based on agriculture and livestock breeding must be boosted.

It was gladly recognized that much progress was seen due to the efforts of the regional government and abidence of disciplines and willingness to work by residents. It was necessary to sustain and hand over such favourable conditions to the upcoming government.

Then, the Senior General gave necessary instructions on reports of the regional chief minister for production of rubber products in the regional industrial zones. 100

Roundup: Fatal shooting by U.S. federal agents triggers protests in Minneapolis

Los Angeles January 25

A Minnesota resident was fatally shot by federal law enforcement agents on Saturday, prompting protests and raising tensions in the community.

The victim was identified as Alex Jeffrey Pretti, a 37-year-old intensive care unit nurse and U.S. citizen who lived in Minneapolis, the state's largest city.

His parents said they are "heartbroken but also very angry" over his death.

According to a statement from the U.S. Department of Homeland Security (DHS), the shooting occurred during an enforcement operation in which federal officers encountered an individual believed to be armed.

"As DHS law enforcement officers were conducting a targeted operation in Minneapolis against an illegal alien wanted for violent assault, an individual approached U.S. Border Patrol officers with a 9 mm semi-automatic handgun," said the statement.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Multi-Party Democratic General Election Phase (3) held in 61 townships

Local voters casting ballots in Taungtha Township, Mandalay Region.

Local voters casting ballots in Kyaukgyi Township, Bago Region.

Local voters casting ballots at No.3 BEHS in Bhamo Township, Kachin State.

Local voters casting ballots at Polling Station No.4 in Maungmagan Village Yract, Longlon Township.

Nay Pyi Taw January 25

The Multi-Party Democratic General Election Phase (3) of the Republic of the Union of Myanmar was held today, January 25, 2026, starting from 6:00 a.m., at designated polling stations in a total of 61 townships across various regions and states.

In building a developed nation for Myanmar's future, the Multi-Party Democratic General Election is of paramount importance. Phase (1) of the election was successfully held on December 28, 2025, in 102 townships, and Phase (2) was successfully conducted on January 11, 2026, in 100 townships, under the leadership of the Government and with the active participation of the public. Today, Phase (3) of the election continues.

Phase (3) was held in the following areas: in Kachin State—Bhamo, Hpakant, and Shwegu townships; in Kayin State—Kawkareik and Kyarinseikgyi townships; in Sagaing Region—Kani and Salingyi townships; in Tanintharyi Region—Launglon, Thayetchaung, and Palaw townships; in Bago Region—Kyaukkyi, Kyauktaga, Phyu, Oktwin, Theikgon, Waw, Gyobingauk, and Okpho townships; in Mandalay Region—Myittha, Chanmyathazi, Mahlaing, Taungtha, Myingyan, Nganzun, Thabeikkyin, and Patheingyi townships; in Yangon Region—Dagon, Lanmadaw, Seikgyi/Khanaungto, Dala, Dagon Myothit (Seikkan), Dagon Myothit (East), Mingala Taungnyunt, Thaketa, North Okkalapa, Tamwe, Yankin, Kyauktan, Kayan, Thongwa, Sanchaung, Hlaingthaya (West), and Hlaingthaya (East) townships; in Shan State—Matman, Pinlaung, Nyaungshwe, Phekon, Mongnai, Kyethi, Mongshu, Hsipaw, and Kyaukme townships; and in Ayeyarwady Region—Yegyi, Ngapudaw, Dedaye, Nyaungdon, Danubyu, Ingapu, Mawlamyinegyun, Zalun, and Laymyethna townships. At designated polling stations in these townships, local ethnic residents cast their votes using the Myanmar Electronic Voting Machine (MEVM).

In addition to local ethnic residents voting systematically at their respective polling stations, Tatmadaw officers, soldiers, and their families from regional military commands within the relevant states and regions also went to the respective polling stations to cast their votes in an orderly manner.

To ensure that voters could cast their ballots freely, peacefully, and conveniently, necessary vehicles, medical teams for healthcare support, and security arrangements were prepared in advance at polling stations. Chief Ministers and responsible officials of the respective regions and states conducted inspections and coordinated as needed.

After voting concluded, polling station officers and members, in the presence of representatives from political parties and international election observers, retrieved results from the voting machines (Control Units) and carried out systematic counting, including the proper counting of advance votes.

Regarding the conduct of the Multi-Party Democratic General Election, voices and opinions from voters who came to cast their ballots at various polling stations were also heard as follows:

"I hope that the single vote I cast will bring about change in everything. I want improvements in the economy, education, and social affairs—starting from politics and all the rest. I want peace for everyone, for all ethnic groups. There are many things I would like to ask of the government, especially regarding peace. I also want to make requests concerning education. I hope education will be further developed and improved even more than it is now."

"In the past, when voting, we had to press stamp seals. Now, it is much easier with the use of a machine. If a new government comes into power, I hope that everything—economic and social matters in every aspect—will be arranged so that the people can live comfortably."

During today's Multi-Party Democratic General Election, the free exercise of voting rights by the public was observed and covered by domestic and international news media. Diplomats, chargé d'affaires, and responsible officials from international embassies based in Myanmar, as well as international election observers who came to monitor the election, also observed the voting process and gathered information. 100

7 killed as landslide, flash floods hit Indonesia's West Java

Jakarta January 25

At least seven people have been killed after a landslide accompanied by flash floods struck Cisarua Sub-district in West Bandung Regency of Indonesia's West Java Province early Saturday, with hundreds of residents still believed to be missing, according to local media reports.

The disaster occurred at around 3:00 a.m. local time. Residents reported hearing a loud rumbling sound before soil and mud swept from Pasirkuning Village toward Pasir Kuda Village.

Dozens of houses were reported to have been buried by landslide debris and mud, causing severe damage to residential areas near the affected site. Xinhua

ရှေ့ဖုံးမှအဆက်

ချမ်းမြေသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့အတွင်းရှိ သက်ဆိုင်ရာမဲရုံများအလိုက်တွင် မဲရုံမှတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများကို ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကို နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကိုလက်ခံဖြေကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

ကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့်အဖွဲ့ဝင်များကို ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက်အတွေ့အကြုံများနှင့်ပတ်သက်၍ မိမိတို့၏သဘောဆန္ဒအလျောက် ဆန္ဒမဲလာရောက်ပေးကြခြင်းဖြစ်ကြောင်း၊ MEVM စက်ဖြင့်မဲပေးရခြင်းဖြင့် ပိုမိုလွယ်ကူမြန်ဆန်ပြီး မိမိတို့ဆန္ဒမဲပေးသည့်အတိုင်း မဲစာရင်းစာရွက်များလည်း ထွက်ရှိကြောင်း၊ မဲမသမာမှုပြုလုပ်ရန်နှင့် မဲလိမ်မဲခိုးခြင်းများပြုလုပ်ရန်မဖြစ်နိုင်ကြောင်း၊ ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်များအားလုံးအဆင်ပြေမှုရှိကြောင်းတို့ကို ရင်းရင်းနှီးနှီးပြန်လည်ပြောကြားခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ် လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကိုလည်း လက်ခံဖြေကြားခဲ့ပြီး အပြည့်အစုံမှာ-

မေး။ အခုဒီနေ့ ရွေးကောက်ပွဲနောက်ဆုံးနေ့လဲဖြစ်တယ်ဆိုတော့ ဒီဟာနဲ့ပတ်သက်ပြီး ရှေ့ဆက်ပြီး မြန်မာနိုင်ငံအပေါ် ဘယ်လိုများ မျှော်မှန်းထားလဲရင့်။

ဖြေ။ မြန်မာနိုင်ငံက ကျွန်တော်တို့က နဂိုကတည်းက ပြည်သူကရွေးချယ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို သွားဖို့ရည်ရွယ်ပြီးလုပ်ခဲ့တာ။ ဒီအတိုင်းပဲသွားရမှာ။ ပြည်သူကရွေးချယ်တဲ့လမ်းပဲ။ ကျွန်တော်တို့ရွေးတာမဟုတ်ဘူး၊ ပြည်သူကရွေးချယ်တဲ့လမ်း။ ကျွန်တော်တို့လဲ ပြည်သူတွေထဲကအစိတ်အပိုင်း၊ ကျွန်တော်တို့လဲ ဒီဟာကိုထောက်ခံတယ်။ ဒီအတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်အတိုင်းပဲ သွားမယ်။ အနာဂတ်မှာ ကျွန်တော်တို့သွားပါမယ်။

မေး။ တချို့ကပြောတာပေါ့နော်။ တပ်ကိုထောက်ခံတဲ့ USDP ပါတီကအနိုင်ရတော့မယ်ပေါ့နော်။ အဲ့ဒါကြောင့်မလို့ဆိုပြီး တချို့ UN expert တွေကပြောတာပေါ့နော်။ ဒါကိုအသိအမှတ်မပြုဖို့ ဘာညာဆိုပြီးတော့ပြောတာတွေရှိပါတယ်။ဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဖြေ။ ပြည်သူက သူတို့မြန်မာပြည်တွင်းမှာနေတဲ့ ပြည်သူတွေမဲပေးတာလေ။သူတို့အပြင်ကသူတွေ မဲပေးတာမဟုတ်ဘူး။ မြန်မာပြည်တွင်းမှာနေတဲ့သူ မဲပေးတာ။ သူတို့ဘယ်သူ့ပဲ ထောက်ခံထောက်ခံကြိုက်တာ ထောက်ခံလို့ရတယ်။ ပေးတဲ့သူတွေကသူတို့ ထောက်ခံချင်တဲ့သူတွေပါလို့ မဲလာပေးတာပေါ့။ သူတို့ထောက်ခံချင်တဲ့သူတွေမပါဘူးဆိုရင် မဲလာပေးမှာမဟုတ်ဘူး။ မဲလာမပေးခြင်းမှာ နှစ်မျိုးရှိတယ်။ တစ်ပိုင်းကတော့ သူတို့ထောက်ခံချင်တဲ့သူတွေမပါလို့ မဲလာမပေးတာ။ တစ်ပိုင်းကလုံခြုံမှုအရ လာမပေးတာရှိတယ်။ လုံခြုံမှုဆိုတာလာဖို့ပြုဖို့အခက်အခဲရှိတယ်။ မဲပေးတဲ့သူတွေကကျတော့ သူတို့ထောက်ခံတဲ့သူတွေရှိလို့ လာမဲပေးတာပေါ့။ အဲ့ဒီမှာ ခုနက ခင်ဗျားပြောတဲ့ ပြည်ခိုင်ဖြိုးပါတီလဲပါတယ်။ တခြား PPP ပါတီလဲပါတယ်။ ကျားဖြူပါတီလဲပါတယ်။ ပါတီစုံပါတယ်။ ဒါကြောင့်လဲ မဲပေးတဲ့စာရင်းတွေ ကျွန်တော်တို့ ထုတ်ပြန်ပေးပါတယ်။ အဲ့ဒါသူတို့လွတ်လွတ်လပ်လပ်မဲပေးတာပဲမဟုတ်ဘူးလား။ ဒါကို နိုင်ငံခြားက အသိအမှတ်ပြုတာ၊ မပြုတာ ကျွန်တော်တို့နားမလည်ဘူး။ ပြည်သူတွေက မဲပေးတာ ကျွန်တော်တို့အသိအမှတ်ပြုတယ်။ ဒီလိုပဲသွားရမယ်။

မေး။ နောက်တက်လာတဲ့ အစိုးရအဖွဲ့မှာရော တပ်ချုပ်ကြီးအနေနဲ့ ဆက်ပြီးတော့ပါဖို့ရှိလား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

ဖြေ။ ကျွန်တော်တော့ ဘာမှပြောလို့မရသေးဘူးလေ။ ဒါတွေက လွတ်တော်ခေါ်မှ လွတ်တော်မှာ သူတို့ရွေးချယ်တဲ့ နည်းလမ်းတွေဘာတွေရှိပါတယ်။ ဒီလိုရှိပါတယ်။

မေး။ နောက်ဆုံးနေ့လဲ ဖြစ်တယ်ဆိုတော့လေ လာမယ့်အစိုးရအသစ်အတွက်ရော ဘာများပြောချင်တာများရှိမလဲရင့်။

ဖြေ။ သူတို့က တိုင်းပြည်ကောင်းအောင်လုပ်ရမှာပေါ့ဗျာ။ ဘယ်အစိုးရတက်တက် တိုင်းပြည်ကောင်းဖို့ပဲ။ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် တိုင်းပြည်ကို တိုးတက်အောင်ဆောင်ရွက်ပေးဖို့၊ တိုင်းပြည်အေးချမ်းအောင်ဆောင်ရွက်ပေးဖို့၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင်လုပ်ပေးဖို့ အစိုးရတစ်ရပ်ကတော့ တာဝန်ရှိတာ။ ဒါကို ကျွန်တော်ရအောင်ကြိုးစားမယ်။ ပြည်သူကလဲပါဖို့လိုတယ်။ အစိုးရကပဲ ဦးဆောင်လို့တော့မရဘူး။ အစိုးရကတော့ ရည်မှန်းချက်ထားပြီးလုပ်မှာ။ သို့သော် ပြည်သူကမပါလို့တော့မရဘူး။ ပြည်သူပါအောင်လဲ အစိုးရကလုပ်ရမှာပေါ့။ ပြည်သူကလဲပါဖို့တော့လိုတယ်။ ကျွန်တော်တို့က ဒီမိုကရေစီသွားချင်တယ်တောင်းဆိုနေပေမယ့်လဲပြည်သူမပါဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါပြည်သူပါမှ ဖြစ်မှာ။ ပြည်သူကလဲ အရေးကြီးပါတယ်။

မေး။ အခက်အခဲတွေအများကြီးနဲ့ နောက်ဆုံးနေ့လဲဖြစ်တယ်ဆိုတော့လေ။ နိုင်ငံတကာနဲ့ ဒီမြန်မာပြည်သူတွေကိုရော ဘာများ message ပါးချင်တာရှိမလဲရင့်။

ဖြေ။ ပြည်သူတွေ တိုင်းပြည်ကောင်းအောင်လုပ်ကြဖို့ပေါ့ဗျာ။ အမြင်ကျယ်ဖို့ပေါ့ဗျာ။ ဒါကိုပြောချင်ပါတယ်။ နိုင်ငံတကာကလဲ မြန်မာနိုင်ငံရဲ့ပြည်တွင်းအခြေအနေကို အမှန်ကိုလဲသိဖို့လိုတာပေါ့ဗျာ။ အခုမြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေလာရင် သူတို့အပြင်မှာကြားတာနဲ့ မြန်မာနိုင်ငံဖြစ်ပျက်နေတဲ့ အခြေအနေတခြားစီပဲ လို့ပြောတယ်။ လူတိုင်းနီးပါးတော့ အဲ့ဒီအတိုင်းပြောတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့မှာ ဒီကောလာဟလနဲ့ မီဒီယာကနေလုပ်နေတွေရှိတယ်။ အဲ့ဒီအတိုက်အခံတွေက တိုင်းပြည်ကို ကောင်းအောင်လုပ်ဖို့အတွက် သွားတယ်ဆိုရင်တော့တစ်မျိုးပေါ့။ တိုင်းပြည်ကောင်းအောင်မဟုတ်ဘဲနဲ့ အနုတ်လက္ခဏာဆောင်အောင် သွားလုပ်တယ်ဆိုရင်တော့ နည်းနည်းခက်တော့ခက်မယ်။ ဘယ်အစိုးရတက်တက် ဒါကတော့ ဘယ်အစိုးရတက်တက်။

မေး။ စိန်ခေါ်မှုချင်းကတော့မတူဘူးပေါ့။ အဲ့ဒီအခင်းအကျင်းက တော်တော်လေး သပ်သပ်ရပ်ရပ်ရှိတယ်။ အခု အခင်းအကျင်းက တော်တော်လေး ဗရုတ်ဗရက် နိုင်နေတာကို ထိန်းသိမ်းရမှာဆိုတော့လေ။ ပိုပြီးတော့ ခက်မလားလို့။

ဖြေ။ ဗရုတ်ဗရက်ဆိုတာ တည်ငြိမ်အေးချမ်းမှုမရှိဘူး။ မှန်ပါတယ်။ ဒါတော့ မှန်ပါတယ်။ အမြင်ကျယ်ဖို့၊ ဒဲ့ကြောင့် ခုနက ပြောတဲ့ တိုင်းပြည်အမြင်ကျယ်ဖို့လိုပါတယ်လို့ ကျွန်တော်ပြောတာ။

(၅၀၁)

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်က လက်ခံရယူစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေ များပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

☆ ကျောက်ဖုံးမှအဆက်

အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အပိုင်း(၃)ကို ယနေ့တွင် ကျင်းပပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအပိုင်း(၃)ကျင်းပနေမှုများကို မိမိအနေဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တက်တက်ကြွကြွဖြင့် ဆန္ဒမဲများ ပေးနေသည်ကိုတွေ့ရှိရပြီး ထိုအထဲတွင် လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း များစွာပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)နှင့်(၂)တွင် ပျမ်းမျှအားဖြင့် ပြည်သူလူထု ၅၅ ရာခိုင်နှုန်းခန့် ဆန္ဒမဲများပေးကြောင်းသိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု သတ်မှတ်နိုင်ပြီး ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုကို တွေ့မြင်ရကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အနိုင်ရရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီအစိုးရသက်တမ်းနှစ်ဆက်တွင် ပြည်သူလူထုအနေဖြင့် ဆန္ဒမဲပေးကြသည့် အတွေ့အကြုံများ ထိုက်သင့်သလောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြီးမားစွာ ဖြစ်ပေါ်ခဲ့သောကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လူမှာကတိ၊ မင်းမှာသစ္စာရှိသည်နှင့်အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ထားသည့်အတိုင်း မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝပြီး လွတ်လပ်၍တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ခုပြန်လည်ကျင်းပနိုင်ရေးစီမံဆောင်ရွက်ခဲ့ပြီး မဲမသမာမှုများဖြစ်ပေါ်မှုမရှိစေရေးအတွက် Myanmar Electronic Voating Machine(MEVM)စက်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲမသမာမှုမရှိသောရွေးကောက်ပွဲ၊သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရန်နှင့် ဆန္ဒမဲပေးကြသည့် ပြည်သူလူထုများ၏ ဆန္ဒအမှန်ဖြင့် လိုလားသည့်ရလဒ်များထွက်ပေါ်လာစေရန်ပင်ဖြစ်ကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်ပြည်သူများ၏ ရပိုင်ခွင့်ပင်ဖြစ်ကြောင်း၊ **မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာ အပြုသဘောဆောင်သည့် မှတ်ချက်များစွာကိုလည်းရရှိခဲ့**ကြောင်း၊ မိမိတို့ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးပါဝင်ထမ်းဆောင်ခဲ့ကြသူများ အားလုံးကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

နိုင်ငံ့အရေးနှင့် နိုင်ငံရေးတို့ကိုဆောင်ရွက်ရာတွင် အားနှင့်မာန်နှင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို ပြည်ပရန်မှကာကွယ်ရေးအတွက် တပ်မတော်ကို စဉ်ဆက်မပြတ် စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့အားပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့်တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်သားပြည့်ဝနေရန်လိုပြီး တပ်မတော်သား တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်ရမည်၊ တိုက်ရည်ခိုက်ရည်ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်းစီအလိုက်၊ တပ်၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်လိုကြောင်း။

လုပ်ငန်းများကို ထမ်းဆောင်ရာတွင်ကံ၊ ဥာဏ်၊ ဝီရိယများပေါင်းစပ်၍ မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန်လိုကြောင်း၊ ကောင်းသည့်အလုပ်ကို လုပ်မည်ဆိုပါက ကောင်းကျိုးကိုခံစားနိုင်မည်၊ မကောင်းသည့်အလုပ်ကို လုပ်ပါက

တပ်မတော်သားမိသားစုဝင် မှီခိုသူမိသားစုများအချင်းချင်းအနေဖြင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်မွေး၍ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ဆောင်ရွက်ကြရန်လို၊ စစ်သည်အင်အားနှင့် ရဲမေအင်အားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုမှာ များစွာတောင့်တင်းခိုင်မာသည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး စုစည်းညီညွတ်သည့်အားကို တန်ဖိုးထားဆောင်ရွက်ကြရန်လို . . .

တပ်မတော်အနေဖြင့် နိုင်ငံတော်တွင်ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ် ရန်စွယ်ကိုမဆို ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ် . . .

အချို့နိုင်ငံများတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ ဆန္ဒမဲပေးသူနည်းပါးသည့်နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့ကျင်းပနေသည့် ရွေးကောက်ပွဲတွင်လည်း ဆန္ဒမဲပေးနိုင်သူ၏ ထက်ဝက်ကျော် ဆန္ဒမဲများပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲအောင်မြင်သည်ဟု ဆိုနိုင်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပအပြီး အနိုင်ရရှိသည့်အစိုးရအဖွဲ့ကို နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ပါတီများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခွင့်များပေးခဲ့ပြီး ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီကြီးများရှိသကဲ့သို့ ဒေသအလိုက်ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများလည်းရှိကြောင်း။

တပ်မတော်၏ အခန်းကဏ္ဍ

တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေးရရှိကတည်းကပင် ယနေ့အချိန်အထိ တည်ရှိနေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်စေ ပြည်ပရန်မှကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို ပြည်ပရန်မှကာကွယ်ရေးအတွက် တပ်မတော်ကို စဉ်ဆက်မပြတ် စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့အားပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့်တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့အရည်အချင်းပြည့်ဝရန် မကောင်းကျိုးကိုခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့ကိုသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ဥာဏ်ဖြင့်သုံးသပ်ဆင်ခြင်၍ ကျွမ်းကျွမ်းကျင်ကျင် အသုံးချဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် စစ်သားကောင်းတစ်ယောက်ပီသ စွာတာဝန်ထမ်းဆောင်ကြရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် တစ်ဦးချင်းစီ၏ အရည်သွေးများတက်လာမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အလိုက်

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှအဆက်

နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်လာနေသည့် နည်းပညာများနှင့်အညီ စစ်အသုံးအဆောင်ပစ္စည်းများ တပ်ဆင်ပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရှိသင့်ရှိထိုက်သည်များကို ဖြည့်တင်းပေးနေရမည်ဖြစ်သကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်လည်း စစ်သည်တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက်မှစ၍ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ တိုက်ရည်ခိုက်ရည်နှင့် ရဲစွမ်းသတ္တိရှိစေရေး၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ အလားတူ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာနှင့် စစ်နည်းဗျူဟာများကိုလည်း ခေတ်နှင့်အညီအသုံးချနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို တည်ဆောက်သွားမည်ဆိုပါက မိမိတို့နိုင်ငံအပေါ် မည်သူကမျှ မလေးမစားပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို အမြဲတမ်းဆက်လက် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် တပ်မတော်၌ အမျိုးသမီး စစ်မှုထမ်းများသည်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တွင် အမျိုးသမီးများ၏လုပ်အားမှာ မနည်းသည်ကို တွေ့မြင်နိုင်ကြောင်း၊ **တပ်မတော်သားမိသားစုဝင် မှီခိုသူမိသားစုများ အချင်းချင်းအနေဖြင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်မွေး၍ စည်းလုံးညီညွတ်စွာဖြင့်နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်အင်အားနှင့် ရဲမေအင်အားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုမှာ များစွာတောင့်တင်းခိုင်မာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး စုစည်းညီညွတ်သည့်အားကို တန်ဖိုးထား ဆောင်ရွက်ကြရန်လို**ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာများကိုလည်း လေ့လာနေကြရန်လိုကြောင်း၊ ဗဟုသုတများရရှိစေပြီး အသိအမြင်များတိုးပွားလာစေရေး၊ မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် တစ်ဦးချင်း စွမ်းရည်များ တိုးမြင့်လာနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစွမ်းရည်မှ တပ်မတော်တစ်ရပ်လုံး၏ စွမ်းရည်များတိုးတက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း နောက်ခံအကြောင်းအရာများကို မှန်မှန်ကန်ကန် သိမြင်ရှုမြင်သုံးသပ်နိုင်ရေးအတွက်လည်း စာပေများဖတ်ရှုကြရန်လိုကြောင်း၊ တပ်မတော်၏အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ခေတ်အဆက်ဆက်ဆောင်ရွက်ချက် သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့တပ်မတော်၏ တာဝန်ထမ်းဆောင်ရမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် သိရှိနားလည်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးများနှင့် သက်စွန့်ဆံဖျား စရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သား မိသားစုဝင်များ၏ နေရေး၊ စားရေးနှင့် ဝတ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် မိမိဦးဆောင်ကွပ်ကဲအုပ်ချုပ်နေရသည့် အဖွဲ့အစည်းနှင့် မိမိတပ်ဖွဲ့ဝင်များကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်ပေးရမည်ကို အမြဲမပြတ် စဉ်းစား၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ကျရောက်လာနိုင်သည့် မည်သည့် အန္တရာယ်ရန်စွယ်ကိုမဆို ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

လေပြင်းဘေးကြုံတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော ၁၁ နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များ ဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်ထိ ရှစ်နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ် လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန် နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ၊ ထောက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များကို လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစပ်စပ်ရိုက်ပါ။ ဓနိ၊ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များကို ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့်အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)ထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသောမြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင် အလွယ်တကူကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ သုံးပုံ နှစ်ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်ကို ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့် တစ်ချပ် လေးလက်မခန့်ခြားခြား၍ နီးဖြင့် ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးထိ တစ်ခုနှင့် တစ်ခု တစ်ဆက်တစ်စပ် တည်းစနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များကို မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍ အိမ်ကိုယ်ထည်မစောင်း၊ မရွှေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြဲစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များကို တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်တပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲသို့မဟုတ် ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို သွားရောက်မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ် သိက္ခာတော် ၇၈ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ် သိက္ခာတော် ၇၈ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညိုး၍ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ် သိက္ခာတော် ၇၈ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုး၍ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့်သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို အမြဲမပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ မသန်စွမ်းအားကစားပြိုင်ပွဲမှ

မင်းထူးက ငွေတံဆိပ်၊ S6 အမျိုးသားမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် F55 အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ F63, F64 အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် စိန်ဖေ့ဂက ရွှေတံဆိပ်၊ နန်းဝင်းဝင်းသန်းက ငွေတံဆိပ်၊ မျက်မမြင်ဂိုးလ်ဘောအားကစားနည်းတွင် မြန်မာအသင်းက ကြေးတံဆိပ်၊ မျက်မမြင်စစ်တုရင်အားကစားနည်းတွင် B2 အမျိုးသား အသင်းလိုက်ပွဲစဉ်၌ မောရှေ၊ လင်းထက်နောင်နှင့် မင်းသန့်စိုးတို့အတွဲက ကြေးတံဆိပ်၊ B1 အမျိုးသားအသင်းလိုက်ပွဲစဉ်၌ ကောင်းစံ၊ မျိုးဆန်အောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်၊ ထိုင်လျက်ဘော်လီဘော ဗိုလ်လုပ္ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲဗိုလ်လုပ္ပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် Asean Para Sports Federation(APSF)မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်က ပြိုင်ပွဲကာလအတွင်း ရွှေတံဆိပ်ဆုတစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို သတ်မှတ်ချီးမြှင့်ထားရှိရာ ဆုပေးပွဲအခမ်းအနား ကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း မြန်မာမသန်စွမ်းပြေးခုန်ပစ်အားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ သေနတ်ပစ်အားကစားအဖွဲ့နှင့် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပ္ပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု၊ Center Point Hotel Terminal 21(Korat)တွင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Vongchavalitkul University တွင် မျက်မမြင်ဂိုးလ်ဘော အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Nakhon Ratcha-sima Rajabhat University တွင် မျက်မမြင်စစ်တုရင်အားကစားအဖွဲ့နှင့် ခုနစ်ယောက် တစ်ဖက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပ္ပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ မျက်မမြင်ဂိုးလ်ဘော၊ မျက်မမြင်စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ်အားကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးခဲ့သည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်အခု ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ်အခု ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခု ဆွတ်ခူးခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ၁၂ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့်ရွှေတံဆိပ်များထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တစ်ခဲနက်လာရောက်ဆန္ဒမဲများပေးနေကြသည်ကို တွေ့မြင်ရပြီး လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း အများအပြားပါဝင်ကြကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိသည်မှာ ကောင်းမွန်သည့် လက္ခဏာပင်ဖြစ်ကြောင်း၊ ထိုသို့လိုက်လံကြည့်ရှုအားပေးစဉ် မန္တလေးမြို့အတွင်းရှိ လမ်းမကြီးများ၊ လမ်းသွယ်များနှင့် မြို့တွင်းသန့်ရှင်းသာယာလှပမှုကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရပြီး စည်ပင်သာယာရေးဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ကျေပွန်မှု၊ မြို့သူမြို့သားများ၏ စည်းကမ်းစနစ်တကျရှိမှုကြောင့်ဖြစ်သည်ကို ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ **ယခုရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့် မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကြားကာလ နှစ်လတာအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် မြို့သာယာလှပရေးလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ အဓိကလမ်းမကြီးများ၌ လမ်းလယ်မျဉ်းများဆွဲခြင်း၊ လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ပြုလုပ်ခြင်းတို့အပါအဝင် အချိန်တိုအတွင်းပြီးစီးနိုင်မည့် လုပ်ငန်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လမ်းလယ်ကျွန်းများ၊ ပလက်ဖောင်းများ၌ သဲ၊ မြေကြီးနှင့် အမှိုက်များဖုံးနေခြင်းများကို လည်း ရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းများသန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေဖြင့်စနစ်တကျဆေးကြောခြင်း ဦးစွာဆောင်ရွက်ပြီးမှသာလျှင် ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပလက်ဖောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ရေဝင်၊ ထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

မန္တလေးမြို့အတွင်း လေထုညစ်ညမ်းမှုကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုပြီး ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ထားသည်မှာလည်း ကောင်းမွန်သည်ကို တွေ့မြင်ရသဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စည်းကမ်းစနစ်တကျရှိမှုကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများ၏ သင်ကြားရေးစွမ်းရည်ကိုလည်းသင်တန်းများပေး၍ မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရေးအတွက်လည်း ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်းများအပြင် အခြားအကျိုးရှိစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံထားရန်လိုကြောင်း၊ တပ်မတော်မှလည်း ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် (အခြေခံ)နှင့် (တန်းမြင့်)သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ယခုရွေးကောက်ပွဲ အပိုင်း(၁)၊အပိုင်း(၂)နှင့်အပိုင်း(၃)တို့ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် လာမည့် မတ်လကုန်တွင် အစိုးရသစ်တစ်ရပ်တက်လာမည်ဖြစ်၊ အစိုးရသစ်တစ်ရပ်မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဆီထွက်သီးနှံအဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားရန်လို၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားများကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေများပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကိုရရှိနိုင်မည်ဖြစ်. . .

ပညာရေးတွင်လည်း ဆရာ၊ ဆရာမများမွေးထုတ်ပေးလျက်ရှိသည့် ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘွဲ့အဆင့်သတ်မှတ်ချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ အလိုက် ခံစားခွင့်များတိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာ မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုအားဖြင့် အစိုးရကျောင်းများကိုသာ အဓိကအားထားနေရခြင်းဖြစ်သဖြင့် ပညာရေးဝန်ထမ်းများ၏စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် ဆီထွက်သီးနှံအဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားများကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေများပြားခြင်း၊ **အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကိုရရှိနိုင်မည်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးအတွင်း အဓိကဖြစ်ထွန်းအောင်မြင်သည့် ဆီထွက်သီးနှံနှင့် ပဲသီးနှံတို့ကို ယခုထက် မည်ကဲ့သို့ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ကို ကော်မတီဖွဲ့စည်း၍ စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များ၌ MSME လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့၍သာလျှင် နိုင်ငံတော်၏ စီးပွားရေးသည် အပေါင်းလက္ခဏာဘက်သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသက်ပင်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အရည်အသွေးပြည့်မီသည့် စျေးကွက်ဝင် MSME ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံများ၏ စည်းကမ်းစနစ်တကျရှိမှုနှင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ များစွာကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်အသိအမှတ်ပြုပါ

ပညာရေးနှင့်ပတ်သက်၍ ကျောင်းမွန်သည့် အချက်အလက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်၍ နောင်တက်လာမည့်အစိုးရကိုကောင်းမွန်စွာ လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း ရော်ဘာထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့တွင်ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာခဲ့ကြသည့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး၊ဘယ်လာရှစ်သမ္မတနိုင်ငံမှကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်နှင့် International Conference of Asian Political Parties (ICAPP)အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ၏ အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲအပိုင်း(၃)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့် အနေဖြင့် ယနေ့ဂုဏ်ပြုညစာစားပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ပါဝင်၍ စောင့်ကြည့်လေ့လာခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုသည် လွတ်လပ်မှုနှင့်တရားမျှတမှု၊ပွင့်လင်းမြင်သာမှုကိုခိုင်မာစေရုံသာမက ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံး၏ ယုံကြည်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန် ထမ်းဆောင်ကြသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကို အဆွေတော်တို့အနေဖြင့် မျက်ဝါးထင်ထင်မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူများ၏စိတ်အေးချမ်းသာယာ၊ ပျော်ရွှင်တက်ကြွစွာနှင့် နိုင်ငံ့အနာဂတ်အတွက် မဲပေးနေမှုများကို တွေ့မြင်သိရှိခဲ့ကြပြီးဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားကတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုကိုပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကိုတည်ဆောက်ရာမှာ အထောက်အကူဖြစ်စေမည့် အဆွေတော်တို့၏လေ့လာတွေ့ရှိချက်များနှင့်အကြံပြုချက်များကိုလည်း စောင့်မျှော်နေပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့်အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအပိုင်း သုံးပိုင်းလုံးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တက်ရောက်လာကြသည့် အဆွေတော်တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်းဖြင့် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဖျော်ဖြေတင်ဆက်မှုအပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကျင်းပနေမှု နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများ လေ့လာကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများသည် ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကျင်းပနေသည့် ရန်ကုန်မြို့ရှိ မဲရုံများသို့သွားရောက်၍ မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးလေ့လာစောင့်ကြည့်မှုများပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်ကြသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ Ms. Volha N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erlina ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွာနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr. Nguyen Xuan Loc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Ms. Rami Niranjan Desai၊ International Conference of Asian Political Parties (ICAPP) အဖွဲ့မှ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်တွင်းအခြေစိုက်နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၂)၊ လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက် မဲရုံအမှတ်(၁)၊ သာကေတမြို့နယ် အမှတ် (၇)ရပ်ကွက်(အနောက်) မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)တို့၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)ရပ်ကွက် မဲရုံအမှတ်(၁)၊ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် မဲရုံအမှတ်(၁)၊ ဗျိုင်းရေအိုးစဉ်ကွက်သစ်ရပ်ကွက် မဲရုံအမှတ်(၁)၊ ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မဲရုံအမှတ်(၁)တို့၌လည်းကောင်း မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ လွတ်တော်ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုများကို လေ့လာစောင့်ကြည့်ကြပြီး မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများကိုတွေ့ဆုံ၍ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို မြို့နယ် ၆၁ မြို့နယ်၌ ကျင်းပပြုလုပ်

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ သာပေါင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာ မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ ဒုန်းတောကျေးရွာအုပ်စု အထက(၃) ကြေးနီ၌ ဖွင့်လှစ်သောမဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ယနေ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက် နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၆၁ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်ရာ၌ အရေးပါဆုံးသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ မြို့နယ်၌လည်းကောင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဖြစ်ပြီး ယနေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် ဗန်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်၊ ရွှေကူမြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး တွင် လောင်းလုံးမြို့နယ်၊ သရက်ချောင်း မြို့နယ်၊ ပုလောမြို့နယ်တို့၌လည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျောက်ကြီးမြို့နယ်၊ ကျောက်တံခါး မြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဝေါမြို့နယ်၊ ကြို့ပင် ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တွင် မြစ်သားမြို့နယ်၊ ချမ်းမြသာစည် မြို့နယ်၊ မလှိုင်မြို့နယ်၊ တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွင် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဆိပ်ကြီး ခနောင်တိုမြို့နယ်၊ ဒလမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မင်္ဂလာတောင်ညွှန့် မြို့နယ်၊ သာကေတမြို့နယ်၊ မြောက် ဥက္ကလာပမြို့နယ်၊တာမွေမြို့နယ်၊ ရန်ကင်း မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်း မြို့နယ်၊ သုံးခွမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်တွင် မက်မန်း မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေ မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးနဲမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှုံးမြို့နယ်၊ သီပေါ မြို့နယ်၊ ကျောက်မဲမြို့နယ်တို့၌လည်း ကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြည်မြို့နယ်၊ ငပုတောမြို့နယ်၊ ဒေးဒရဲ မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူ မြို့နယ်၊ အင်းပူမြို့နယ်၊ မော်လမြိုင်ကျွန်း မြို့နယ်၊ ဧလွန်မြို့နယ်၊ လေးမျက်နှာ မြို့နယ်တို့၌လည်းကောင်း ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ် မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသား ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM)အသုံးပြု၍ ဆန္ဒမဲပေး ခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက် လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့်

စာမျက်နှာ ၂၃ သို့

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၅)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

စာမျက်နှာ ၂၂ မှအဆက်

တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာ မဲရုံများသို့သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ရှမ်းပြည်နယ် နမ့်လန်မြို့ မဲရုံအမှတ်(၄)တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တောင်ခြေမြင်းစခွန့်ကျေးရွာ မဲရုံအမှတ်(၄)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရှမ်းဝကျေးရွာအုပ်စု မဲရုံအမှတ်(၃)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ်(၈)ရပ်ကွက်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးစဉ်။

ပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက်(Control Unit) မှ ရလဒ်များကိုထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမှုနှင့်ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ညီမပေးလိုက်တဲ့ မဲတစ်ပြားကြောင့် အကုန်လုံးပြောင်းလဲသွားတာလဲ ဖြစ်စေချင်တာပေါ့နော်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအကုန်လုံး နိုင်ငံရေးကအစ ပေါ့နော် အကုန်လုံးငြိမ်းချမ်းစေချင်တယ် လူမျိုးတွေအကုန်လုံး။ အစိုးရကို တောင်းဆိုချင်တာတော့ အများကြီး ပေါ့နော် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ တောင်းဆိုချင်တယ်။ ပညာရေးနဲ့ ပတ်သက်လို့လဲ တောင်းဆိုချင်တယ်။ ပညာရေးကိုလဲ ဒီထက်မက ပိုပြီးတော့ တိုးတက်စေချင်တယ်"ဟု ပြောသည်။

"အရင်ကမဲပေးတာကျတော့ တံဆိပ်တုံးလေးတွေ နှိပ်ရတာပေါ့နော်။ အခုကျတော့ စက်ကလေးနဲ့ ပိုပြီးတော့လွယ်ကူတာပေါ့။ အစိုးရသစ်တက်လာတယ် ဆိုရင်တော့ ပြည်သူတွေကို စီးပွားရေး၊ လူမှုရေးအကုန်လုံးအစစအရာရာအားလုံး အဆင်ပြေဖို့အတွက်ကို မျှော်လင့်ထားတာပေါ့"ဟု ပြောသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ပြည်တွင်း အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကို လာရောက် စောင့်ကြည့်လေ့လာကြသည့် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပ
မန္တလေးတိုင်းဒေသကြီး မြို့နယ် (၈) မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး

မန္တလေး ဇန်နဝါရီ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ်ပေါင်း ၆၁ မြို့နယ်၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများ ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြသည်။ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၃) တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်း မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်နှင့် ငါန်းဇွန်မြို့နယ် စသည့်မြို့နယ် ရှစ်မြို့နယ်တို့ပါဝင်ပြီး အဆိုပါ မြို့နယ်ရှစ်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ခြောက်သိန်းကျော်အတွက် မဲရုံပေါင်း ၅၅၆ ရုံကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ် မဲရုံအမှတ်(၁) တွင် တာဝန်ကျသည့် မဲရုံမှူး ဦးနိုင်ဦးကလည်း "ကျွန်တော်တို့ မဲရုံကို လွန်ခဲ့တဲ့ ရက်သတ္တပတ်ကတည်းက ပူးပေါင်းအဖွဲ့တွေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။ မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၆၇၁ ဦးရှိပါတယ်။ မဲရုံမှာ တာဝန်ထမ်းဆောင်သူကတော့ ၁၅ ဦးရှိပါတယ်။ မဲရုံမှာ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ဖို့ စနစ်တကျ ဆောင်ရွက်ထားပါတယ်။ နောက်ပြီး အမိုးအကာတွေနဲ့ ထိုင်ခုံတွေ၊ ရေဘူးတွေ၊ အစားအသောက်တွေလည်း ပြင်ဆင်ပေးထားပါတယ်။ မဲပေးစက်အနေနဲ့ လေးလုံးရှိပါတယ်။ မဲရုံမှာ နံနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ မဲပေးလို့ရပါတယ်။ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးရဲ့ အပိုင်း(၃)မှာ မဲရုံမှူးအနေနဲ့ တာဝန်ထမ်းဆောင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် ဦးကံစိန်က "ကျွန်တော့် အသက်က (၈၀) ပါ။ မနက် ၅ နာရီ အစောထပြီး မဲရုံကို ဆန္ဒမဲ လာရောက်ပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော် မဲပေးလာတဲ့ အတွေ့အကြုံအရ အခုလို မဲပေးစက်နဲ့ မဲပေးရတာ အလွန်ကိုလွယ်ကူပါတယ်။ အရင်တုန်းကတော့ အမှန်ကို ခြစ်ရတာပေါ့။ အခုကတော့ ခလုတ်နှိပ်လိုက်တော့ လွယ်ကူလျင်မြန်တာပေါ့။ နိုင်ငံကို ခေါင်းဆောင်နိုင်မယ်ထင်တဲ့ ပါတီကို မဲပေးခဲ့ပါတယ်" ဟု ပြောသည်။

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်ဘေးရှိ ခလုတ်ကိုနှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနေကြသည်ကို တွေ့ရစဉ်။

ဦးနိုင်ဦး (မဲရုံမှူး)

ဦးကံစိန်

မသန္တာလွင်

မမိမိစိုး

မဖြိုးဖြိုး

မောင်ရွှန်းလင်းထက်

မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနေကြသည်ကို တွေ့ရစဉ်။

မဲရုံတာဝန်ရှိသူတွေက လိုအပ်တာတွေကို အဆင်သင့်ကူညီဆောင်ရွက်ပေးကြပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ပါတီကို မဲပေးရတဲ့အတွက်လည်း စိတ်ထဲမှာကျေနပ်မိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း တာဝန်ကျေပွန်ပြီလို့ ခံစားရပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် မမိမိစိုးကလည်း "ကျွန်မအနေနဲ့ ဆန္ဒမဲပေးလာတာ အခုနဲ့ဆို ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းကတော့ ကိုယ်တိုင်လက်နဲ့ခြစ်ပြီး ပေးခဲ့ရတာပေါ့။ အခုကတော့ စက်မှာ ခလုတ်ကလေးနှိပ်ရုံပဲဆိုတော့ အတော်လေး အဆင်ပြေပါတယ်။ တချို့အသက်ကြီးတဲ့ သူတွေကျတော့ လက်နဲ့မဲပေးရင် လွဲသွားတာတွေရှိတယ်။ အခုကျတော့ စက်နဲ့ဆိုတော့ အဆင်ပြေပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကိုယ်မဲပေးတဲ့သူ နိုင်ခဲ့ရင်လည်း ပြည်သူ့လူထုလည်း ပျော်ရမှာပါ။ အားလုံးကိုစိတ်အေးချမ်းသာစွာနဲ့ အေးအေးဆေးဆေး ပဲဖြစ်ချင်ပါတယ်။ မဲပေးပြီးတော့ ကိုယ့်လက်သန်းမှာ မင်စွန်းနေတာ ကြည့်ပြီးလည်း ကိုယ့်နိုင်ငံအတွက် ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ပြောသည်။

အလားတူ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့ လျင်မြန်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက်လည်း မဲစာရင်းများ ရှာဖွေမှု လွယ်ကူစေရန် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် မဲဆန္ဒရှင်ပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ပေးထားသည့် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်းပြီးနောက် မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မဲလာရောက်ပေးသည့် မဖြိုးဖြိုးကလည်း "ကျွန်မအသက်က (၂၅) နှစ်ပါ။ မဲပေးတာ နှစ်ကြိမ်ကြုံတွေ့ဖူးပါတယ်။ အခု ဒုတိယအကြိမ်မှာတော့ မဲပေးစက်နဲ့ဆိုတော့ ပိုမိုလွယ်ကူပါတယ်။ အဓိကကတော့ ကျွန်မတို့ လူငယ်တွေအတွက် စိတ်လုံခြုံမှုပေးနိုင်တဲ့ သူကို ရွေးပြီး မဲပေးခဲ့ပါတယ်။ နောက်ပြီး ပညာရေးအပိုင်းကိုလည်း အဓိက ထောက်ပံ့ပေးစေလိုပါတယ်။ ပညာရေးပိုင်းမှာသာ သေချာထောက်ပံ့ပေးမယ်ဆိုရင် တော်တဲ့လူငယ်တွေ ထွက်ပေါ်လာမှာပါ။ မဲပေးရတာလည်း စိတ်ကြိုက်ပေးခွင့်ရခဲ့ပါတယ်။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီပေးကြပါတယ်။ နိုင်ငံသားတစ်ယောက် တာဝန်ကျေပွန်သွားပြီလို့လည်း ခံစားခဲ့ရပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် မောင်ရွှန်းလင်းထက်ကလည်း "ကျွန်တော့် အသက်(၁၈) နှစ်ပြည့်ပြီးလို့ ပထမဦးဆုံးအကြိမ် မဲလာရောက်ပေးခြင်း ဖြစ်ပါတယ်။ ပထမဆုံး မဲပေးရတဲ့အတွက် ရင်ထဲမှာ စိတ်လှုပ်ရှားပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ လွယ်ကူစွာ မဲပေးရတဲ့အတွက်လည်း အလွန်ကို အဆင်ပြေလွယ်ကူပါတယ်။ မဲပေးရတဲ့ လုပ်ငန်းစဉ်တွေကလည်း လွယ်ကူပါတယ်။ ကျွန်တော်တို့ မသိတာရှိရင်လည်း မဲရုံတာဝန်ရှိသူတွေက အားလုံးကို ရှင်းပြကူညီဆောင်ရွက်ပေးကြပါတယ်။ ကျွန်တော်ကြိုက်နှစ်သက်တဲ့ ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော် မဲပေးတဲ့ပါတီနိုင်သွားရင်လည်း နိုင်ငံနဲ့ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

မောင်အေးချမ်း

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီဌာနချုပ် သဘောထားထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဂမ်ဘီယာနိုင်ငံက နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိပါးစေပြီး နိုင်ငံတကာအမြင်တွင် အထင်အမြင်လွဲမှားစေသည့် လုပ်ကြံစွပ်စွဲမှုများကို ကန့်ကွက်ရှုတ်ချအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့(Agent Of Myanmar)သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် သမိုင်းရေးဖြစ်စဉ်၊ နိုင်ငံရေးအမြင်များဖြင့် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များကို ဥပဒေနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိနေပါသည်။

ဤသို့မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် နိုင်ငံတော်နှင့် မြန်မာတစ်မျိုးသားလုံး၏ဂုဏ်သိက္ခာကို တာဝန်ယူလျက် ဥပဒေ၊ သက်သေအထောက်အထားများနှင့်အညီ ရင်ဆိုင်ကြိုးပမ်းစွမ်းဆောင်နေမှုများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဂုဏ်ပြုထောက်ခံအပ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar)၏ တရားဥပဒေအပေါ်ယုံကြည်မှု အပြည့်အဝဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေမှုများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရက်စွဲ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တက်ရောက်နိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံကို ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဆီသို့- Better Health through Medical Research ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် သုတေသနစာတမ်း ဂ၁ စောင်နှင့် သုတေသန ပိုစတာ ၄၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ (Symposium) လေးခုနှင့် (Scientific Talk) နှစ်ခု တို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ မှ ၃၀ ရက်ထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို ဒုတိယအသုတ်အဖြစ် ထပ်မံပြန်လည်ခေါ်ဆောင်

မြိတ်လေဆိပ်သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ တွေ့ဆုံစဉ်။

ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကြစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကို လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တိုက်ဖျက်နိမ်နင်းလျက်ရှိရာ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့ သတင်းပေးပို့မှုများ အရလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်းပေးအပ်မှုများအရလည်းကောင်း ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို မြန်မာ့လေကြောင်းလိုင်း (MAI)ဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက်အစောပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဒုတိယအသုတ်အနေဖြင့် မြန်မာနိုင်ငံသားဦးရေ ၅၀ ကို ဇန်နဝါရီ ၂၅ ရက်ယနေ့တွင် မြန်မာ့လေကြောင်းလိုင်း (MAI)ဖြင့် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့လည်းကောင်းဦးရေ ၁၉၀ ကို ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ် နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့လည်းကောင်း၊ ထပ်မံ၍ ဦးရေ ၁၉၀ကို ယနေ့ညပိုင်းတွင် တပ်မတော်လေယာဉ် နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ လည်းကောင်း ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့ထိ မြန်မာနိုင်ငံသား ၅၆၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်လေဆိပ်သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့် မြန်မာနိုင်ငံသားများကို အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား
မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့်အခြေအနေနှင့် စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရတို့၏ ပြောကြားချက်များ

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ စစ်တွေမြို့ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်။

ဦးအောင်နိုင်ဦး (ခရိုင်အုပ်ချုပ်ရေးမှူး)

ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရ

ဦးအောင်နိုင်ဦး(ညွှန်ကြားရေးမှူး)
ခရိုင်အုပ်ချုပ်ရေးမှူး စစ်တွေခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကျွန်တော်တို့ အခု အောင်မင်္ဂလာရပ်ကွက်မှာ ရောက်နေတာဖြစ်ပါတယ်။ ဒီမှာ တွေ့မြင်နေရတာတော့ အောင်မင်္ဂလာရပ်ကွက် စာသင်ကျောင်းပဲဖြစ်ပါတယ်။ အောင်မင်္ဂလာရပ်ကွက်ထဲမှာ အစိုးရစာသင်ကျောင်း တစ်ကျောင်းနဲ့ အာရဗီစာသင်ကျောင်း နှစ်ကျောင်းရှိပါတယ်။ လက်ရှိရောက်ရှိနေတဲ့ အစိုးရကျောင်းထဲမှာလဲ ရပ်ကွက်ထဲက ကျောင်းသား၊ ကျောင်းသူတွေကို ပညာသင်ကြားနေတာဖြစ်သလို ဆရာ၊ ဆရာမတွေလဲ အင်ပြည့်အားပြည့် သင်ကြားပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်အတွင်းမှာ ၂၀၁၂ ခုနှစ် ပဋ္ဌိပက္ခနောက်ပိုင်း ၂၀၁၃-၂၀၁၄ မှာတော့ ရပ်ကွက်ပြည်သူတွေ လုံခြုံရေးအတွက် အပြင်မှာလုံခြုံရေးစောင့်ပေးတာရှိတယ်၊ ဂိတ်တွေချထားတာရှိပါတယ်။

၂၀၁၄ ခုနှစ် နောက်ပိုင်းမှာတော့ ဂိတ်တွေပြန်လည်ဖယ်ရှားပြီး ပြည်သူတွေလွတ်လပ်စွာသွားလာနေကြပြီပဲဖြစ်ပါတယ်။ ဘာအတားအဆီးမှချထားတာမရှိပါဘူး။ အလားတူပဲ ကျွန်တော်တို့ဒီနားမှာလဲ စည်ကားတဲ့စျေးတစ်ခုရှိပါတယ်။ စျေးနာမည်ကတော့ ရပ်ကွက်နေဒေသခံတွေက ဒီမိုကရေစီစျေးလို့ အမည်ပေးထားတဲ့ စျေးဖြစ်ပါတယ်။ ဒီအချိန်အခါမှာတော့ ဒီရပ်ကွက်အတွင်းမှာ စစ်တွေမြို့မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားလူမျိုးတွေ၊ ဘင်္ဂါလီလူမျိုးတွေ လွတ်လွတ်လပ်လပ် သွားလာနေတဲ့နေရာဖြစ်ပါတယ်။

ဒီစာသင်ကျောင်းလေးမှာ မြေကွက်လပ်တစ်ခုရှိပါတယ်။ ထပ်ပြီးတိုးချဲ့ဖို့ စီမံဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ ရောက်ရှိနေတာက အောင်မင်္ဂလာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းဖြစ်ပါတယ်။ ဒီကျောင်းမှာက ရပ်ကွက်ထဲက ကျောင်းသား၊ ကျောင်းသူတွေ ပညာသင်ကြားနေတာဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဒီဘက် အဆောက်အအုံတိုးချဲ့ဖို့ မြေကွက်လပ်မှာ ကျောင်းဆောင်အသစ်ဆောက်လုပ်နိုင်ဖို့လဲ စီမံဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့ ရောက်ရှိနေတာက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ထဲမှာရှိတဲ့ စျေးဖြစ်ပါတယ်။ စျေးနာမည်ကတော့ ဒီမိုကရေစီစျေးဖြစ်ပါတယ်။ ဒီစျေးထဲမှာ ရပ်ကွက်ထဲမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေ ရောင်းဝယ်ဖောက်ကားနေကြတာဖြစ်ပါတယ်။ ဒီမှာတော့ အခုလိုပဲ လွတ်လပ်အေးချမ်းစွာနဲ့ သွားလာလှုပ်ရှားနေကြတာဖြစ်ပါတယ်။

ဒေါ်တင်နီရွှေ ခေါ် နန်ရောင်စောရ
ဆေးသမားကြီးကျေးရွာ စစ်တွေမြို့

ကျွန်မ ဒီမှာနေတာ နှစ်ပေါင်း ၃၀ လောက်ရှိပါပြီ။ အိမ်ထောင်သည်ပါ၊ ကလေးလေးယောက်ရှိပါတယ်။ ဆေးဝါးကုသမှုအခြေအနေက အစိုးရအဖွဲ့ဆီကနေ ဆေးဝါးကုသမှုခံယူလို့ရပါတယ်။ အစိုးရကျန်းမာရေးဌာနက တစ်လတစ်ကြိမ် ကလေးတွေကို ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ လူနာဆိုရင်လဲတစ်ပတ်တစ်ခါ၊ ၁၅ ရက်တစ်ခါ လာပြီးတော့ ဆေးကုသမှုပေးလေ့ရှိပါတယ်။ ကျွန်မတို့ လွတ်လွတ်လပ်လပ် ကုသခွင့်ရပါတယ်။

လုံခြုံရေးအနေနဲ့ဆိုရင် ကျွန်မတို့မှာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေရှိပါတယ်။ သူတို့က ကာကွယ်ပေးပါတယ်။ အကူအညီလိုအပ်လို့ သူတို့ဆီသွားပြောတဲ့အခါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာမျိုးရှိပါတယ်။ သူတို့ဆီက အကောင်းဆုံးအကူအညီတွေရပါတယ်။ အစိုးရအဖွဲ့ကလဲ အကောင်းဆုံးကူညီဆောင်ရွက်ပေးတာမျိုးရှိပါတယ်။ ကျွန်မအလုပ်ကကျပန်းပါ။ ဒါပေမဲ့ အဆင်ပြေပါတယ်။ ကျွန်မယောကျ်ားကလဲ ကျပန်းပါ။ လုံးဝလွတ်လွတ်လပ်လပ်ရှိပါတယ်။ ဘာအနှောင့်အယှက်မှမရှိပါဘူး။ အစိုးရအဖွဲ့ကလဲ လွတ်လွတ်လပ်လပ်နေလို့ရအောင် လုပ်ပေးပါတယ်။ အဆင်ပြေပါတယ်။

ကျန်းမာရေးအခြေအနေဆိုရင် ကျန်းမာရေးဌာနက ခုနကပြောသလိုမျိုး ကာကွယ်ဆေး တစ်လတစ်ကြိမ်လာပြီး ကာကွယ်ဆေးထိုးပေးတာမျိုး၊ ကိုယ်ဝန်ဆောင်ဆိုရင် ကာကွယ်ဆေး ထိုးပေးတာမျိုးရှိပါတယ်။ ကလေးဆိုရင် ကလေးနှစ်လပြည့်တဲ့အခါ ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ တကယ့်အရေးပေါ်ဆိုရင် အစိုးရအဖွဲ့က ဆေးကုသမှုပေးတာမျိုးရှိပါတယ်။ အဲ့ဒီမှာ သွားပြီးတော့ လွတ်လွတ်လပ်လပ်ကုသလို့ရပါတယ်။

ပညာရေးကဏ္ဍဆိုရင် ကျွန်မတို့ ဆေးသမားရွာမှာ မူလတန်းလွန်ကျောင်းရှိပါတယ်။ ခုနစ်တန်းထိ မူလတန်းလွန်ကျောင်းမှာ ပညာသင်လို့ရပါတယ်။ ၈တန်း၊ ၉ တန်း၊ ၁၀ တန်းဆိုရင်တော့ သက္ကယ်ပြင်မှာ အစိုးရကျောင်း ဖွင့်ထားတာရှိပါတယ်။ အဲ့ဒီကျောင်းမှာ သွားပြီးတော့ လွတ်လွတ်လပ်လပ် တက်လို့ရပါတယ်။ နိုင်ငံသားကတ်ဆိုရင် ၂၀၁၇ ခုနှစ်မှာတော့ စီမံချက်အနေနဲ့ အစိုးရအဖွဲ့ လဝက က လာပြီးတော့ လုပ်ပေးတာမျိုးရှိပါတယ်။ ရထားတဲ့လူလဲရှိပါတယ်။ မရတဲ့လူလဲ ရှိပါတယ်။ ကျွန်မကတော့ လျှောက်ထားဆဲပါ။ ကျွန်မတို့ရမယ်လို့ မျှော်လင့်ပါတယ်။ ရွှေးကောက်ပွဲမဲပေးဖို့တော့ ကျွန်မမှာမရှိပါဘူး။ ဒါပေမဲ့ ကျွန်မသွားကြည့်ပါတယ်။ **(သတင်းအဖွဲ့)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှေ့ဆိုင်းခွင့်ရသူများ

ရှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၅၆၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ရွှေဘို ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၅၆၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၅၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ဒီဇင်ဘာလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၆၂၅ ဧကရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၂၀ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံ ၇၅၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲစင်းငုံခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၅၆၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှု အနေနဲ့လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖြန်းမြေဩဇဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့်ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ရာ ပဲစင်းငုံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ညောင်ဦးမြို့နယ် ထန်းပေါက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါ့မင်းမေး ကျေးရွာအုပ်စု ထန်းပေါက်တော ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ထန်းပေါက်တော ကျေးရွာမှ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ထန်းပေါက်တော ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထန်းပေါက်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

လျှင်လှပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။

၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမှားယောင်၊ ကောလာဟာလ သတင်းများကို မယုံပါနှင့်။

၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။

၅။ အင်အားကြီးမားသည့် ငလျင်လှပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနామီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

လူတော်လူကောင်းများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြပါစို့

နေလင်းသူ

❖ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ခုတည်ဆောက်ရေးသည် အဆောက်အအုံများဖြင့် တည်ဆောက်ခြင်းမဟုတ်ဘဲ လူတော်လူကောင်းဟူသော အရည်အသွေးမြင့်မားသည့် လူသားအရင်းအမြစ်များဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ လူတော်ဖြစ်ရန်အတွက် သုတ၊ နည်းပညာ၊ စီမံခန့်ခွဲမှုစွမ်းရည်များလိုအပ်ပြီး လူကောင်းဖြစ်ရန်အတွက် စာရိတ္တ၊ စာနာစိတ်၊ ကိုယ်ကျင့်တရားကောင်းများရှိရန် လိုအပ်သည်။ ဤအရာနှစ်ခုကို ကျန်းမာရေး၊ ဦးဆောင်မှု၊ ယဉ်ကျေးမှုနှင့် နိုင်ငံသားတာဝန်သိမှုတို့ဖြင့် အားဖြည့်ပေးမှသာ ဘက်စုံပြည့်ဝသော နိုင်ငံသားကောင်းများ ဖြစ်လာမည်ဖြစ်သည်။❖

တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများနှင့် စီးပွားရေးစနစ်များအပေါ်တွင်သာ မူတည်သည်မဟုတ်ဘဲ ထိုတိုင်းပြည်၏ လူသားအရင်းအမြစ် အရည်အသွေးအပေါ်တွင် အဓိကမှီခိုနေသည်။ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် ပညာတတ်လူငယ်များ ပေါများရေးသည် အဓိကဖြစ်သည်။

ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ နည်းပညာ စွမ်းရည်၊ ဉာဏ်ပညာ၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် ထိရောက်စွာလုပ်ကိုင်နိုင်စွမ်းရှိသောသူများသည် လူတော်များဟု သတ်မှတ်ကြသည်။ ထို့အတူ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ အများအကျိုးကို ရှေးရှုခြင်း၊ စာနာနားလည်ခြင်း စသည့်ဂုဏ်ပုဒ်များ ပိုင်ဆိုင်သူများကို လူကောင်းများဟု သတ်မှတ်ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်

လူတော်များသည် နိုင်ငံ၏စီးပွားရေး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တိုးတက်မှုကို အရှိန်အဟုန်မြင့်တင်ပေးနိုင်သော်လည်း လူကောင်းများကသာ ထိုတိုးတက်မှုများကို ရေရှည်တည်တံ့စေမည့် တရားမျှတမှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ လူတော်စွမ်းရည်ကို လူကောင်းစိတ်ဓာတ်ဖြင့် ထိန်းချုပ်မှသာ အမှန်တကယ် အကျိုးရှိသော တိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။

လူသားတို့၏ ရည်မှန်းချက်တွင် လူတော်လူကောင်း ဖြစ်လိုခြင်းသည် အကြီးမားဆုံးသော လိုအင်ဆန္ဒဖြစ်သည်။ ထိုဆန္ဒကိုခြံရံလျက် ကြီးပွားလိုခြင်း၊ ထင်ပေါ်လိုခြင်း၊ စည်းစိမ်ခံစားလိုခြင်း၊ စိုးမိုးလိုခြင်းစသော ဆန္ဒအထွေထွေတို့သည် ပေါ်ထွန်းကြကုန်သည်။ ထိုသို့သော ဆန္ဒတို့သည် လူတော်လူကောင်းဖြစ်နိုင်မှုကို အခြေတည်၍ ခိုင်မာလာသည်။ လူတစ်ယောက် လူတော်လူကောင်းဖြစ်နိုင်ရေးတွင် ပတ်ဝန်းကျင်နှင့် အခြားရုပ်ဝတ္ထုတို့က လမ်းသွယ်ပေးနိုင်စေကာမူ ကာယကံရှင် လူသားတို့၏ သိနားလည်မှုနှင့် ကြိုးပမ်းမှုတို့သည် အခြေခံဖြစ်သည်။ ကြိုးပမ်းမှုသည် သိနားလည်မှုနောက်မှ ထက်ကြပ်မကွာလိုက်ရမြဲဖြစ်သည်။

ထို့ပြင် စိတ်ကောင်း စေတနာကောင်းမွန်သော်လည်း လိုအပ်သော အသိပညာ၊ စီမံခန့်ခွဲမှုနှင့် အားထုတ်မှုတို့မရှိပါက ထိုကောင်းသောစေတနာများသည် ထိရောက်သောအောင်မြင်မှုအဖြစ်သို့ ရောက်ရှိရန် ခက်ခဲသည်။ စိတ်ကောင်းရှိသော်လည်း ဉာဏ်ပညာနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်း နည်းပါးပါက မကောင်းသောသူများ၏ လှည့်ဖြားခြင်း၊ အနိုင်ကျင့်ဗိုလ်ကျခြင်းကို ခံရနိုင်သည်။ နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်လိုသော်လည်း မည်သို့ဦးဆောင်ရမည်၊ မည်သို့စီမံခန့်ခွဲရမည်ကို မသိခြင်းကြောင့်ကောင်းသော စေတနာထားလုပ်ဆောင်မှုများသည် အလဟဿဖြစ်စေပြီး တိုးတက်မှုကို နှေးကွေးစေနိုင်သည်။

လူတော်ဖြစ်အောင် လေ့လာရမည့် ပညာရပ်များနှင့် စွမ်းရည်များ

ကိုယ်ကျင့်တရားနှင့် စေတနာကို အခြေခံသော လူတော်တစ်ဦး ဖြစ်လာစေရန်အတွက် ပညာရပ်ဆိုင်ရာအသိပညာ၊ လက်တွေ့ကျသော စွမ်းရည်များနှင့် စံပြုထိုက်သော စိတ်ဓာတ်တို့ကို ဘက်စုံလေ့လာသင်ယူကာ အားဖြည့်ပေးရန် လိုအပ်သည်။ ပထမဦးစွာ လူတော်ဖြစ်လိုသူသည် ၂၁ ရာစု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အခြေခံပညာရပ်များဖြစ်သည့် သိပ္ပံ၊ သင်္ချာနှင့် နည်းပညာနယ်ပယ်များတွင် ကျွမ်းကျင်မှု ရှိရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဒေတာခွဲခြမ်းစိတ်ဖြာမှု၊ ကွန်ပျူတာ နည်းပညာရပ်များနှင့် စနစ်များ၏ ယုတ္တိဗေဒဆိုင်ရာ အလုပ်လုပ်ပုံကို နားလည်တတ်ကျွမ်းရမည်။ ထိုပညာရပ်များသည် စနစ်တကျစဉ်းစားပုံ၊ ပြဿနာဖြေရှင်းမှုစွမ်းရည်နှင့် ခေတ်ရေစီးကြောင်းကို နားလည်စေရန် အဓိကအထောက်အကူပြုသည်။ သို့သော် အဆိုပါ နည်းပညာပိုင်းဆိုင်ရာများသာမက သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာနှင့် နိုင်ငံရေးသိပ္ပံတို့ကိုပါ နက်နဲစွာလေ့လာခြင်းဖြင့် လူသားတို့၏ စိတ်သဘောထား၊ ယဉ်ကျေးမှုဓလေ့များနှင့် အတိတ်သမိုင်း၏ သင်ခန်းစာများကို သိရှိနားလည်နိုင်ပြီး လူသားချင်းအပေါ်နားလည်မှု ပိုမိုမြင့်မားလာစေမည်ဖြစ်သည်။

ထို့ပြင် ရရှိထားသော အသိပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အရေးပါသည့် စွမ်းရည်များကို မွေးမြူရမည်ဖြစ်သည်။ ၎င်းစွမ်းရည်များအနက် အရေးကြီးဆုံးမှာ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းဖြစ်ပြီး ၎င်းသည် အမှန်နှင့်အမှားကိုဘက်မလိုက်ဘဲ ခွဲခြမ်းစိတ်ဖြာကာ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကူညီပေးသည်။

ဉာဏ်ရည်နှင့်စွမ်းရည်များသည် အဖျက်စွမ်းအားမဖြစ်စေရေးအတွက် ကိုယ်ကျင့်တရားဆိုင်ရာ စွမ်းရည်ကို မွေးမြူခြင်းပင်ဖြစ်သည်။ ကိုယ်ကျင့်တရားဆိုင်ရာအခြေခံများကို နက်နဲစွာနားလည်ထားခြင်းသည် သမာဓိရှိခြင်းကို အားပေးပြီး စိန်ခေါ်မှုများကြုံတွေ့ရချိန်၌ပင် မှန်ကန်သောလမ်းစဉ်ပေါ်တွင် ခိုင်မာစွာရပ်တည်စေမည်ဖြစ်သည်။ လူသားချင်းစာနာမှုကို မွေးမြူခြင်းဖြင့် မိမိ၏ဆုံးဖြတ်ချက်များသည် အခြားသူများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို နားလည်နိုင်ပြီး မိမိလုပ်ရပ်များ၏ အကျိုးဆက်များအပေါ် တာဝန်ယူတတ်မှုသည် ပညာရှင်တစ်ဦး၏ ဂုဏ်သိက္ခာကို ဖြင့်တင်ပေးသည်။ ထို့ကြောင့် ဤပညာရပ်၊ စွမ်းရည်နှင့် ကိုယ်ကျင့်တရားသုံးမျိုးစလုံးကို မျှတစွာ ပေါင်းစပ်လေ့ကျင့်မှသာ ဘက်စုံပြည့်ဝသောပညာရှင်တစ်ဦး ဖြစ်လာနိုင်မည်ဖြစ်ပြီး စွမ်းရည်များသည် အပြုသဘောဆောင်သော တိုးတက်ပြောင်းလဲမှု၏ အင်အားစုများ ဖြစ်လာမည်ဖြစ်သည်။

လူကောင်းဖြစ်အောင် ကျင့်ကြံရမည့် စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု

စေတနာနှင့် ကိုယ်ကျင့်တရား မြင့်မားသော လူကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဆန်သည့် စွမ်းရည်များကို အဓိကလေ့လာသင်ယူရန် လိုအပ်သည်။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ သီလ၊ သမာဓိ၊ ပညာများကို လေ့လာသင်ယူခြင်းသည် လူ့ဘဝ၏တန်ဖိုး၊ ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများနှင့် မေတ္တာ၊ ကရုဏာ၏ အခြေခံသဘောတရားများကို နားလည်စေပြီး ကိုယ်ကျင့်တရား၏အုတ်မြစ်ကို ခိုင်မာစေသည်။ လူကောင်းတစ်ဦးသည် မိမိ၏ စေတနာကို ထိရောက်စွာဖော်ဆောင်ရန်အတွက် အခြားသူများကို ထိရောက်စွာနားထောင်ခြင်း၊ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ပဋိပက္ခများကို ဖြေရှင်းနိုင်စွမ်းရှိခြင်းနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်နိုင်သည့် လူမှုဆက်ဆံရေးစွမ်းရည်များကိုပါ မွေးမြူရမည်ဖြစ်သည်။ ဤသို့ဖြင့် ဉာဏ်ပညာနှင့်စွမ်းရည်များကို စေတနာနှင့်ကိုယ်ကျင့်တရားဟူသော အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ခြင်းဖြင့်သာ ပတ်ဝန်းကျင်အတွက် အကျိုးပြုသော လေးစားအားကျဖွယ်ရာ စံပြ လူကောင်းတစ်ဦး ဖြစ်လာနိုင်မည်ဖြစ်သည်။

လူတစ်ဦးကို လူကောင်းအဖြစ် ပုံဖော်ပေးရာတွင် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများသည် အဓိကကျသည်။ မည်သည့်နေရာတွင်မဆို မှန်ကန်စွာ လုပ်ဆောင်ခြင်း၊ အဂတိလိုက်စားမှုမှ လုံးဝရှောင်ကြဉ်ခြင်းသည် လူကောင်း၏အခြေခံ လက္ခဏာ ဖြစ်သည်။ ၎င်းသည် နိုင်ငံတော်၏ တရားမျှတမှုနှင့် ယုံကြည်စိတ်ချရမှုကို တည်ဆောက်ပေးသည်။ မိမိ၏လုပ်ဆောင်ချက်များအတွက် ရဲဝံ့စွာတာဝန်ယူခြင်း၊ အမှားအယွင်းရှိပါက ဝန်ခံပြီးပြုပြင်ခြင်း၊ စာပေ၊ ဂီတ၊ အနုပညာများကို လေ့လာခြင်းဖြင့် အခြားသူများ၏ခံစားချက်ကို နားလည်စာနာတတ်ပြီး ကိုယ်ချင်းစာစိတ်ကို ဖြစ်ပေါ်စေသည်။ လူကောင်းများသည် သည်းခံခြင်းနှင့် လေးစားမှုရှိကြပြီး မတူညီသော အမြင်၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမျိုးများကို လေးစားမှုရှိသည့်အပြင် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းလိုစိတ်ရှိကြသည်။

လူတော်လူကောင်း ပေါ်ထွန်းရေးအတွက် ပတ်ဝန်းကျင်များ ဖန်တီးပေးခြင်း

နိုင်ငံသားတိုင်း သုတ၊ ရသ၊ စာရိတ္တ၊ နည်းပညာ စသည့်ပညာရပ်များကို တန်းတူညီမျှ သင်ယူခွင့်ရရှိရန် အခမဲ့ပညာရေးစနစ်၊ KG+9 ပညာရေးစနစ်နှင့် စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုစနစ်များဖန်တီးပေးခြင်းဖြင့် လူတော်များဖြစ်လာစေရန် နိုင်ငံတော်က အရည်အသွေးမြင့်ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိသည်။ မိဘများသည် သားသမီးများ၏ ပထမဆုံး ဆရာများဖြစ်ကြသည်။ မိဘကိုယ်တိုင် ရိုးသားခြင်း၊ ကြိုးစားခြင်း၊ စည်းကမ်းလိုက်နာခြင်းဖြင့် သားသမီးများ၏စိတ်ဓာတ်ကို ပြုပြင်ပုံသွင်းပေးရမည်ဖြစ်သည်။ ရပ်ရွာအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများက စေတနာ့ဝန်ထမ်းလုပ်ငန်းများကို စည်းရုံးဆောင်ရွက်ခြင်းဖြင့် လူငယ်များကို အများအကျိုးဆောင်ရွက်လိုသော စိတ်ဓာတ်ရှိစေရန် လေ့ကျင့်ပေးသင့်သည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ခု တည်ဆောက်ရေးသည် အဆောက်အအုံများဖြင့် တည်ဆောက်ခြင်း မဟုတ်ဘဲ လူတော်လူကောင်းဟူသော အရည်အသွေးမြင့်မားသည့် လူသားအရင်းအမြစ်များဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ လူတော်ဖြစ်ရန်အတွက် သုတ၊ နည်းပညာ၊ စီမံခန့်ခွဲမှုစွမ်းရည်များ လိုအပ်ပြီး လူကောင်းဖြစ်ရန်အတွက် စာရိတ္တ၊ စာနာစိတ်၊ ကိုယ်ကျင့်တရားကောင်းများ ရှိရန် လိုအပ်သည်။ ဤအရာနှစ်ခုကို ကျန်းမာရေး၊ ဦးဆောင်မှု၊ ယဉ်ကျေးမှုနှင့် နိုင်ငံသားတာဝန်သိမှုတို့ဖြင့် အားဖြည့်ပေးမှသာ ဘက်စုံပြည့်ဝသော နိုင်ငံသားကောင်းများ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် မိမိကိုယ်ကို လူတော်နှင့်လူကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်သည်။ သို့မှသာ တော်လည်းတော်၊ ကောင်းလည်းကောင်းသော နိုင်ငံသားများ၏ ပေါင်းစည်းညီညွတ်အားဖြင့်ပါဝင်ဆောင်ရွက်မှသာလျှင် မြန်မာနိုင်ငံသည် ခိုင်မာသောအုတ်မြစ်ပေါ်တွင် တရားမျှတပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ပိုင်ဆိုင်နိုင်မည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

၁။ လူတော်လူကောင်း – လှသမိန်

၂။ ပညာခေတ်နှင့် မြင့်မားစံနှုန်း– နေဇင်လတ်

၃။ နေ့စဉ်ထုတ်သတင်းစာများ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ပေါက်ပေါက်

အရိုးအဆစ်ကျန်းမာရေးအတွက် သိမှတ်ဖွယ်ရာအဖြာဖြာ

ဖိနပ်မြင့်မြင့်စီးခြင်းက ခြေဆစ်လွဲတတ်တယ်လို့ လူအများက သိနားလည်ထားကြပေမဲ့ တခြားသော နေထိုင်ပြုမူပုံစံအလွဲတွေကလဲ အရိုးအဆစ်တွေကို ထိခိုက်နာကျင်စေကာ လတ်တလောအခြေအနေ မှာရော၊ ရေရှည်အတွက်ပါ ဆိုးကျိုးဖြစ်စေပါတယ်။ အောက်ဖော်ပြပါ အမူအကျင့်တွေက သင့်အရိုး အဆစ်တွေကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် သတိ ထားသင့်ပါကြောင်း အကြံပြုလိုက်ပါရစေ။

မနှားတမ်းစာရိုက်ခြင်း (ထပ်ခါထပ်ခါပြုလုပ်ခြင်း)

ဖုန်းကနေ စာတွေမနှားတမ်းရိုက်နိုပ်ခြင်းက လက်ချောင်းတွေကိုသာမက ဇက်ကြောတွေနဲ့ ပခုံးအရိုးဆက်ကိုလဲ နာကျင်ညောင်းညာမှုဖြစ်စေ နိုင်ပါတယ်။ ဒါကြောင့် တရစပ်စာရိုက်တာမျိုးကို မပြုလုပ်သင့်ဘဲ နှစ်မိနစ် သုံးမိနစ်ခန့် နားပြီးမှသာ စာတွေရိုက်သင့်ပါတယ်။

တသမတ်တည်းနေခြင်း

ခန္ဓာကိုယ်ကို လှုပ်ရှားမှုမရှိဘဲ တစ်နေရာတည်း မှာ အချိန်ကြာကြာ ထိုင်နေတာ ဒါမှမဟုတ် လဲနေ တာက အရိုးသိပ်သည်းဆကို လျော့ကျစေပြီး အရိုး တွေကို အားနည်းစေပါတယ်။ မရွှေ့မလျားဘဲ မတ်တတ်ရပ်နေတာကလဲ ကြွက်သားတွေကို နာကျင်စေကာ အရိုးနဲ့ အရိုးနုတွေကိုထိခိုက်စေပါ တယ်။ မိမိလုပ်ငန်းသဘောအရ အလုပ်စားပွဲမှာ ကြာကြာထိုင်ပြီး ကွန်ပျူတာရိုက်ရတာ ဒါမှမဟုတ် မတ်တတ်ရပ်နေရတာမျိုးဖြစ်ပါက အချိန် ၁၀ မိနစ် ၁၅ မိနစ်ကြာတိုင်း ခန္ဓာကိုယ်ကို အညောင်းဆန့်တာ မျိုး၊ ခြေလက်တွေ အကွေးအဆန့်၊ လုပ်တာမျိုးတွေ ပြုလုပ်ပေးသင့်ပါတယ်။

ကြွက်သားများဆန့်ထုတ်သော အလေ့အကျင့် မရှိခြင်း

အရိုးအဆစ်တွေကို ကြွက်သားတွေနဲ့ ဝန်းရံ ထားတာကြောင့် အညောင်းညာပြေစေဖို့၊ အကြော အခြင် ပြေလျော့စေဖို့အတွက် ကြွက်သားတွေကို ရံဖန်ရံခါ ဆွဲဆန့်ထုတ်သင့်ပါတယ်။ ယောဂ (Yoga) လုပ်တာ၊ Gym ဆော့တာနဲ့ မိမိခန္ဓာကိုယ်အတွက် သင့်တင့်လျောက်ပတ်တဲ့ အလေးပြားမတာ စတဲ့ လေ့ကျင့်ခန်းတွေလုပ်ပြီး ကြွက်သားတွေကို လှုပ်ရှား စေခိုင်းပေးပါ။

လေ့ကျင့်ခန်းမလုပ်တဲ့အခါ ကြွက်သားတွေနဲ့ အရိုးတွေ မသန်မာတော့ဘဲ အရိုးပွခြင်းနဲ့ အဆစ် ကိုက်ခဲတဲ့ပြဿနာတွေဖြစ်နိုင်ခြေပိုများလာပါတယ်။

လေ့ကျင့်ခန်း လွန်ကဲစွာပြုလုပ်မိခြင်း

ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးဟုဆိုသော် လည်း လေ့ကျင့်ခန်းကို လွန်ကဲစွာပြုလုပ်မိပါက နောက်ဆက်တွဲအဖြစ် ဘေးထွက်ဆိုးကျိုးများစွာ ခံစားရနိုင်ပါတယ်။ မိမိဝါသနာအရ ဘယ်လို လေ့ကျင့်ခန်းကိုမဆို လုပ်သည်ဖြစ်စေ မိမိခန္ဓာကိုယ် နဲ့ အရိုးအဆစ်တွေရဲ့ ခံနိုင်ရည်ဝန်အားထက်ပိုပြီး မပြုလုပ်သင့်ပါ။ လေ့ကျင့်ခန်းလုပ်ပြီး တစ်နာရီကျော် ကြာတဲ့ထိ ခန္ဓာကိုယ်တွေ နာကျင်ကိုက်ခဲတာ ဒါမှမဟုတ် ရောင်ရမ်းတာဖြစ်ပေါ်နေပါက လေ့ကျင့် ခန်း လွန်ကဲစွာလုပ်မိပြီဟု သတိပြုပါ။

ကယ်စီယမ်နှင့် ဗီတာမင်ဒီချို့တဲ့ခြင်း

အရိုးသန်မာစေဖို့အတွက် ကယ်စီယမ်နဲ့ ဗီတာမင်ဒီတို့ကို မရှိမဖြစ်လိုအပ်ပါတယ်။ ဗီတာမင်ဒီ ချို့တဲ့ပါက ကြွက်သားတွေလျော့ရဲပျော့တွဲစေပါ တယ်။ ကယ်စီယမ် အားကောင်းစေဖို့အတွက် အဆီမပါတဲ့ နွားနို့ကို နေ့စဉ်သောက်သုံးသင့်ပြီး ပဲနို့ရည်ကိုလဲ ဖြည့်စွက်စာအဖြစ် သောက်သုံး နိုင်ပါတယ်။ ပင်လယ်ငါး၊ အစေ့အဆန်နဲ့ ကောက်ပဲ သီးနှံတွေကိုလဲ ဗီတာမင်ဒီဖြည့်စွက်စာအဖြစ် စားသုံးနိုင်ပါတယ်။

လေးလံသောပစ္စည်းများ သယ်မခြင်း

မိမိခံနိုင်ရည်အားထက် လေးလံတဲ့ ပစ္စည်းတွေ ကို သယ်မတာက အရိုးအဆစ်တွေကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေကာ ခါး၊ ဒူးခေါင်းနဲ့ ကျောရိုးမကြီးတွေကို သက်ရောက်ထိခိုက်စေပါတယ်။ ထို့အတူ မိမိအသက် အရွယ်၊ အရပ်အမောင်းနဲ့ ရှိသင့်တဲ့ခန္ဓာကိုယ်အလေး ချိန်ထက်ပိုများနေပါက အလားတူ အဆစ်ရောင်တဲ့ ဝေဒနာဆိုးကျိုးတွေ ခံစားရစေနိုင်တာကြောင့် သင့်တင့်လျောက်ပတ်တဲ့ အစားအစာနဲ့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ပြီး အဝမလွန်အောင် နေထိုင်ကြရပါမယ်။

❖ မိမိခံနိုင်ရည်အားထက် လေးလံတဲ့ပစ္စည်းတွေကို သယ်မတာက အရိုးအဆစ်တွေကို ဝန်ထုပ်ဝန်ပိုးဖြစ်စေကာ ခါး၊ ဒူးခေါင်းနဲ့ ကျောရိုးမကြီးတွေကို သက်ရောက်ထိခိုက်စေပါတယ်။ ထို့အတူ မိမိအသက်အရွယ်၊ အရပ်အမောင်းနဲ့ ရှိသင့်တဲ့ခန္ဓာကိုယ်အလေးချိန် ထက်ပိုများနေပါက အလားတူ အဆစ်ရောင်တဲ့ ဝေဒနာဆိုးကျိုးတွေ ခံစားရစေနိုင်တာကြောင့် သင့်တင့်လျောက်ပတ်တဲ့ အစားအစာနဲ့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ပြီး အဝမလွန်အောင် နေထိုင်ကြရပါမယ်။ ❖

အရိုး၊ အဆစ် ကျန်းမာရေးအတွက် ဆောင်ရန် အစားအစာများ

ကျန်းမာတဲ့ အရိုးနဲ့အဆစ်တွေ ပိုင်ဆိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အဓိက အာဟာရဓာတ်တွေ ပါဝင်တဲ့ အစားအစာတွေကို အကြံပြုလိုပါတယ်။ ၎င်းအစားအစာတွေကို ပုံမှန်စားသုံးခြင်းက အဆစ် ရောင်ရမ်းခြင်း (Arthritis) ကဲ့သို့သော အခြေအနေ တွေကြောင့်ဖြစ်ပေါ်တတ်တဲ့ နာကျင်မှုကို သက်သာ စေဖို့ အထောက်အကူပြုပါတယ်။

ကယ်စီယမ်(Calcium)က အရိုးရဲ့ အဓိက အစိတ်အပိုင်းဖြစ်ပြီး သွားတွေကိုလဲ သန်မာစေပါ တယ်။ လူကြီးတစ်ဦးဟာ တစ်နေ့ကို ကယ်လ်စီယမ် 1000 mg ခန့် လိုအပ်ပါတယ်။ ကယ်စီယမ် ဓာတ်ရှိ စေဖို့အတွက် နို့၊ ဒိန်ချဉ်၊ ချိစ်၊ ကိုက်လန်၊ ဘရိုကိုလီ၊ အရိုးပါစားသုံးနိုင်သော ငါးတို့ကိုစားပါ။

အိုမီဂါ-၃(Omega-3) ဖက်တီးအက်ဆစ် ကြွယ်ဝတဲ့ငါးတွေက ခန္ဓာကိုယ်ထဲက ရောင်ရမ်း စေတဲ့ ပရိုတင်းဓာတ်တွေကို လျှော့ချ ပေးနိုင်ပါတယ်။ ဆယ်လ်မွန်၊ တူနာ၊ ဆာဒင်း၊ မာကာရယ် စတဲ့ အဆီများတဲ့ငါးတွေကို ရက်သတ္တာပတ်မှာ အနည်း ဆုံး နှစ်ကြိမ်စားသုံးသင့်ပါတယ်။ အိုမီဂါ-၃ (Omega-3) ဖက်တီးအက်ဆစ်အရင်းအမြစ်ရှိတဲ့ သစ်သီး တွေမှာ သစ်ကြားသီး၊ လျှော်စေ့နဲ့ ချီယာစေ့တို့ ဖြစ်ပါတယ်။

အရောင်ရင့်တဲ့ သစ်သီးတွေနဲ့ ဘယ်ရီသီးတွေမှာ Antioxidants နဲ့ Polyphenols လို့ခေါ်တဲ့ ရောင် ရမ်းမှုကို တိုက်ဖျက်ပေးနိုင်တဲ့ ဓာတုပစ္စည်းတွေ များစွာပါဝင်ပါတယ်။ ဘလူးဘယ်ရီ၊ စတော်ဘယ်ရီ၊ ချယ်ရီ စတာတွေဟာ ရောင်ရမ်းမှုကို လျှော့ချရာမှာ ထိရောက်ပါတယ်။

အရိုးအဆစ် ကျန်းမာရေးအတွက် အသင့်လျော် ဆုံးဆီမှာ သံလွင်ဆီဖြစ်၍ ချက်ပြုတ်ရာမှာ ဒါမှ မဟုတ် သုပ်စားရာမှာ သံလွင်ဆီသုံးစွဲပါ။ အထူး သဖြင့် Extra Virgin Olive Oil မှာ Oleocanthal လို့ခေါ်တဲ့ ဓာတ်တစ်မျိုးပါဝင်ပြီး ၎င်းက အဆစ် နာကျင်မှုသက်သာစေဖို့သုံးတဲ့ ဆေးဝါးတချို့ (NSAIDs) နဲ့ဆင်တူတဲ့ ရောင်ရမ်းမှုကိုတိုက်ဖျက် နိုင်စွမ်းရှိပါတယ်။ ထောပတ်ဆီနဲ့ သစ်ကြားဆီ တို့ကလဲ အရိုးအဆစ်တွေကို ကျန်းမာကောင်းမွန် စေပါတယ်။

ဗီတာမင်ကေနဲ့ ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုး ဆန့်ကျင်ပစ္စည်းကြွယ်ဝတဲ့ အစိမ်းရင့်ရောင် ဟင်းသီး ဟင်းရွက်တွေက ရောင်ရမ်းမှုကို လျှော့ချရာမှာ အထောက်အကူပြုပါတယ်။

နနွင်းနဲ့ ချင်း ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင် တွေမှာ သဘာဝအတိုင်းရောင်ရမ်းမှုကို တိုက်ဖျက် ပေးတဲ့ ဂုဏ်သတ္တိပါဝင်ပါတယ်။ နနွင်းမှာပါတဲ့ Curcumin ဓာတ်က အဆစ်ရောင်ရမ်းတာနဲ့ နာကျင်မှု ကို သိသိသာသာလျှော့ချပေးနိုင်ပြီး ချင်းက အဆစ် နာကျင်မှုနဲ့ ရောင်ရမ်းမှုကို လျှော့ချပေးနိုင်တဲ့ အာနိသင်တွေရှိပါတယ်။

လက်ဖက်စိမ်းမှာပါတဲ့ Polyphenols ကဲ့သို့ သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ရောင်ရမ်းမှု ကို လျှော့ချပေးပြီး အဆစ်အရိုးနုတွေ ပျက်စီးမှုကို နှေးကွေးစေနိုင်ပါတယ်။

ဗီတာမင်ဒီ (Vitamin D) က ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ကယ်စီယမ်ကို သဘာဝအလျောက် စုပ်ယူပေးပါတယ်။ ဗီတာမင်ဒီကို နေရောင်ခြည်ကနေ အဓိကရရှိနိုင်တာကြောင့် မနက်ပိုင်း နေပူဆာလှံပါ။ ဆယ်လ်မွန်ငါး၊ ကြက်ဥ၊ ဘဲဥအနှစ်၊ ဗီတာမင်ဒီ ဖြည့်စွက်ထားသော နို့ထွက်ပစ္စည်းတွေစားသုံးပါ။

အရိုး၊ အဆစ် ကျန်းမာရေးအတွက် ရှောင်ရန်အစား အစာများ

အရိုး၊ အဆစ် ကျန်းမာရေးအတွက် အကောင်း ဆုံး ထိန်းသိမ်းဖို့ဆိုရင် အရိုးနဲ့ အဆစ်တွေကို ရောင်ရမ်းစေနိုင်တဲ့ သို့မဟုတ် ကယ်စီယမ် စုပ်ယူ မှုကို အနှောင့်အယှက်ပေးနိုင်တဲ့ အစားအစာတွေကို တတ်နိုင်သမျှ လျှော့ချပါ။ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးပါ။

သကြားဓာတ် အလွန်အကျွံ စားသုံးခြင်းက ခန္ဓာကိုယ်ထဲမှာ ရောင်ရမ်းမှုကို မြင့်တက်စေတဲ့ ဓာတုပစ္စည်းတွေကို ထုတ်လွှတ်ပြီး အဆစ်နာကျင် မှုကို ပိုဆိုးစေပါတယ်။ ဆိုဒါမှာပါတဲ့ ဖော့စဖရတ် အက်ဆစ်ကလဲ အရိုးတွေဆီက ကယ်စီယမ်ကို ဆုံးရှုံးစေနိုင်ပါတယ်။ ဒါကြောင့် သကြား၊ အချိုများ တဲ့ အစားအစာတွေ၊ ဆိုဒါ၊ ဖျော်ရည်၊ ကိတ်မုန့်၊ သကြားလုံးနဲ့ ပြုပြင်ထားတဲ့မုန့်အချိုတွေကိုရှောင်ပါ။

ဆားဓာတ် အလွန်အကျွံစားသုံးတာက ကျောက်ကပ်မှတစ်ဆင့် ကယ်လ်စီယမ်စွန့်ထုတ်မှု ကိုများစေပြီး အရိုးသိပ်သည်းဆကို လျှော့ကျစေပါ တယ်။ ဒါကြောင့် ဆားဓာတ်များတဲ့ အစားအစာ တွေ၊ ပြုပြင်ထားတဲ့ အစားအစာတွေ၊ စည်သွတ် ဗူးတွေ၊ အသင့်စားအစားအစာတွေကို ရှောင်ပါ။

ဂျုံဖွဲနုမှာ Phytates ဓာတ် များစွာပါဝင်ပြီး ကယ်စီယမ်စုပ်ယူမှုကို သိသိသာသာ အနှောင့် အယှက်ပေးနိုင်ပါတယ်။ အကယ်၍ ၁၀၀ ရာခိုင်နှုန်း ဂျုံဖွဲနုစားမယ်ဆိုရင် ကယ်စီယမ်ဖြည့်စွက်စာကို အနည်းဆုံးနှစ်နာရီခြားပြီးမှ စားသောက်သင့်ပါတယ်။

အနီရောင်အသား အလွန်အကျွံစားသုံးခြင်းကို ရှောင်ပါ။ ပရိုတင်းဓာတ်လွန်ကဲတဲ့ စားသောက်မှု ပုံစံက ခန္ဓာကိုယ်မှ ကယ်စီယမ်ဆုံးရှုံးမှုကို မြင့်တက် စေနိုင်ပါတယ်။

အချုပ်ဆိုသော် အထက်ဖော်ပြပါ အမူအကျင့် တွေကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် သင့်ရဲ့အရိုးနဲ့ အဆစ်ကျန်းမာရေးကို များစွာကာကွယ် ထိန်းသိမ်း နိုင်မှာဖြစ်ပါတယ်။ အရိုး၊ အဆစ် ကျန်းမာရေး အတွက် အကောင်းဆုံးမှာ ရောင်ရမ်းမှုကိုလျှော့ချပေး နိုင်တဲ့ အစားအစာတွေကို များများစားသုံးပြီး၊ အထက်မှာ အကြံပြုထားတဲ့အတိုင်း ရောင်ရမ်းမှု ဖြစ်စေတဲ့ သို့မဟုတ် ကယ်စီယမ်စုပ်ယူမှုကို အနှောင့် အယှက်ပေးသော အစားအစာတွေကို လျှော့ချရန် ဒါမှမဟုတ် ရှောင်ကြဉ်ရန် ထပ်ဆင့်သတိပေး ရေးသားလိုက်ရပါတယ်။

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

(c) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal (www. myawady. net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်پို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(c) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

	အဆင့်အတန်း	**အခြေခံလစာ**	**အရည်အချင်းလစာ**	**ပေါင်း**
(က)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၂၀၄၀၀၀	၆၀၀၀	၂၁၀၀၀၀
(ခ)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၂၀၄၀၀၀	၈၀၀၀	၂၁၂၀၀၀
(ဂ)	ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၄၀၀၀၀	၈၀၀၀	၂၄၈၀၀၀
(ဃ)	အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၂၅၈၀၀၀	၈၀၀၀	၂၆၆၀၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အထက(ခွဲ) လွန်ကောင်း Grade-7 တွင် ပညာသင်ကြားနေသော မနန်းချယ်ရီ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးအောင်စိုးဖြစ်ပါကြောင်း။

ဦးအောင်စိုး(၉/ပဌလ(နိုင်)၀၃၅၅၇၉)

မိခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ Grade-9(A)တွင် ပညာသင်ကြားနေသော မဇွန်ပွင့်ဝေ၏မိခင်အမည်မှန် မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ကြည်သာလွင်ဖြစ်ပါကြောင်း။ **ဒေါ်ကြည်သာလွင်(၉/အမဇ(နိုင်)၀၃၂၇၂၄)**

ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ဈေးရပ်ကွက်၊ စု-၁၆၂ နေ နန်းဖိန်းအောင် (ဘ) ဦးငင်းဆွဲ(၁၃/မဆတ(နိုင်)၀၀၁၁၁၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-660192343**

ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ဈေးရပ်ကွက်၊ စု-၁၆၂ နေ စိုင်းထွန်းဟန် (ဘ) ဦးမောင်လှိုင်(၁၃/မဆတ(နိုင်)၀၀၁၈၂၀)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-382659)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-256932205**

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ (၈/၁၁၆)နေ ပြည့်ဖြိုး(ဘ) ဦးမြင့်လွင်(၁၃/နမတ(နိုင်)၀၅၈၂၀၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-925785)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-680629550**

ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၄၀)လမ်းနေ ကစ္စနားကူမာရီ (ခ) သက်ပိုင်ဖူး (ဘ) ဦးနာရ်မဟာသူး (ခ) ခင်မောင်လွင်(၉/မကန(နိုင်) ၁၄၆၄၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-514640)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-258177776**

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လို...

❖ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏ အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိဖြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို သွားရောက်မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

စာမျက်နှာ - ၁၉

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေအခု ၂၀၊ ငွေ ၁၉ ခု၊ ကြေးအခု ၂၀ ဖြင့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ နိုင်ငံအလိုက် အဆင့်(၆)၌ ရပ်တည်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့များရှိ အားကစားကွင်း၊ အားကစားရုံများ၌ ဆက်လက်ကျင်းပရာ ယနေ့တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ်၊ရေကူး၊ခုနစ်ယောက် တစ်ဖက် ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ မျက်မမြင်ဂိုးလ်ဘော၊ မျက်မမြင်စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင် တင်းနစ်အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့နံနက် ၉ နာရီမှ စတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ S4 အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ SB7 အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် **စာမျက်နှာ ၁၉ ကော်လံ ၁** ❖